**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသောသဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကိုမပြုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၃၉)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့


“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”

**ကျောင်းအပ်နှံရေးသီတင်းပတ်**

(၂၅.၅.၂၀၂၆ ရက်နေ့မှ ၃၁.၅.၂၀၂၆ရက်နေ့ထိ)

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည်များကို သင်ခန်းစာယူ၍ ကောင်းမွန်သည့်ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ ကာကွယ်ရေးအားများ တိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံ့ဂုဏ်သိက္ခာကိုမြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ✯




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၂၇ ရက်)

# နိုင်ငံ့စီးပွားမြင့်မားရေးနှင့်ပန်းတိုင်အထွက်နှုန်းတိုးရေး

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စားရေရိက္ခာပေါများကြွယ်ဝလာသည်နှင့်အမျှ တိုင်းပြည်သာယာဝပြောလာမည်ဖြစ်သည်။ နိုင်ငံအတွင်းစားရေရိက္ခာဖူလုံပြီး ပြည်ပသို့ပိုမိုတင်ပို့နိုင်မည်ဆိုလျှင် နိုင်ငံအတွက် ပြည်ပဝင်ငွေများပိုမိုရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားနေမှသာလျှင် စိုက်ပျိုးရေးထုတ်ကုန်များလည်း တိုးတက်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မှုရရှိရေးအတွက် နိုင်ငံတော်ကအဓိကသီးနှံများကို သီးနှံအလိုက်ရည်မှန်းချက်ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပေးထားသည်။ သီးနှံများအလိုက် သတ်မှတ်ထားသောတစ်ဧကလျှင်ထွက်ရှိရမည့် ပန်းတိုင်အထွက်နှုန်းများမှာ မိုးစပါး တင်း ၁၀၀၊ နွေစပါး တင်း ၁၁၀၊ အစေ့ထုတ်ပြောင်း ၈၅ တင်း၊ မြေပဲ တင်း ၇၀၊ နှမ်း တင်း ၂၀၊ နေကြာ တင်း ၅၀၊ မတ်ပဲ ၂၅ တင်း၊ ပဲတီစိမ်းတင်း ၂၀၊ ပဲစင်းငုံ ၂၅ တင်း၊ ချည်မျှင်ရှည်ဝါ ပိဿာ ၇၀၀၊ ချက်ကြံ တန် ၃၀ တို့ဖြစ်သည်။ ထို့ပြင် မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့ကိုလည်း အရေးကြီးသီးနှံအဖြစ်ထည့်သွင်းသတ်မှတ်ပြီး တစ်ဧကလျှင် အာလူးပိဿာ ၄၅၀၀၊ ကြက်သွန်နီပိဿာ ၅၀၀၀၊ ကြက်သွန်ဖြူပိဿာ ၂၅၀၀ ထွက်ရှိရေး ပန်းတိုင်အထွက်နှုန်းများသတ်မှတ်ပေးထားကာ ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးသီးနှံများအလိုက် သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော လိုအပ်ချက် (၄) ရပ်တို့ ညီညွတ်မျှတစွာ ရရှိရန်လိုသည်။ သီးနှံမျိုးစေ့သည် ဒေသ၏ရာသီဥတုနှင့်ကိုက်ညီသော သီးနှံမျိုးကောင်းမျိုးသန့်ကို ရွေးချယ်ရမည်ဖြစ်သည်။ ပိုးမွှားနှင့် ရောဂါဒဏ်ကိုခံနိုင်ရည်ရှိရန်လိုအပ်သလို အပင်ပေါက်နှုန်းကောင်းမွန်ပြီး အထွက်နှုန်းမြင့်မားသည့် အရည်အသွေးကောင်းမွန်သော မျိုးစေ့လည်းဖြစ်ရန်လိုသည်။ စိုက်ပျိုးမြေသည် စိုက်ပျိုးမည့် သီးနှံနှင့်ကိုက်ညီသောမြေဖြစ်ရန်လိုအပ်ပြီး မြေအနိမ့်အမြင့်ညီညာစေရန်၊ သီးနှံများကောင်းစွာအမြစ်တွယ်နိုင်စေရန် မြေကိုပြုပြင်ပေးရမည်ဖြစ်သည်။ မြေဆီသြဇာကောင်းမွန်စေရန်အတွက် သဘာဝမြေသြဇာနှင့်အပင်များအတွက်လိုအပ်သောအာဟာရဓာတ်များကို စနစ်တကျထည့်သွင်းပေးရမည်ဖြစ်သည်။ စိုက်ပျိုးရေကို သီးနှံပင်များ၏လိုအပ်ချက်အတိုင်း အချိန်နှင့်တစ်ပြေးညီပေးနိုင်ရန်နှင့် ရေသွင်းရေထုတ်ခြင်းကို စနစ်တကျပြုလုပ်ရန်လိုသည်။ ခေတ်မီစိုက်ပျိုးနည်းစနစ်များကိုကျင့်သုံးခြင်းသည် သမားရိုးကျစိုက်ပျိုးခြင်းထက် အထွက်နှုန်းများစွာ ပိုမိုရရှိနိုင်သကဲ့သို့ ရိတ်သိမ်းချိန်လွန်နည်းပညာများကလည်း သီးနှံများလေလွင့်ဆုံးရှုံးမှုနှင့်အရည်အသွေးကောင်းမွန်မှုတို့အတွက်အရေးကြီးသည်။

အထက်တွင် ဖော်ပြခဲ့သည့် မျိုး၊ မြေ၊ ရေ၊ နည်း (၄) ချက်တို့မှာ တစ်ကေချင်းအလိုက် အထွက်တိုးရန်အခြေခံလိုအပ်ချက်များပင်ဖြစ်ပြီး ပြည့်စုံစေရန် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် သီးနှံများအလိုက် ရည်မှန်းချက်ပန်းတိုင်အထွက်နှုန်းများရရှိလာကြမည်ဖြစ်သည်။ စိုက်ပျိုးကုန်ထုတ်ကဏ္ဍတိုးတက်စေရေးအတွက် လက်ရှိစိုက်ပျိုးမြေများပေါ်မှာပင် နှစ်သီး၊ သုံးသီး စသည်ဖြင့် သီးထပ်စိုက်ပျိုးခြင်းပင်ဖြစ်သည်။ သီးနှံတစ်မျိုးတည်းကိုဖြစ်စေ၊ နှစ်မျိုးသုံးမျိုးဖြစ်စေ သီးထပ်စိုက်ပျိုးခြင်းအားဖြင့် တောင်သူတို့အဖို့ အကျိုးအမြတ်ပိုမိုဖြစ်ထွန်းရရှိကြမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မေလ ၁၅ ရက်မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားရာတွင် **“မန္တလေးတိုင်းဒေသကြီးသည် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအားလုံး၌ အောင်မြင်ဖြစ်ထွန်းမှုရှိသော ထူးခြားသည့်တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ အရေးကြီးသီးနှံ(၁၄) မျိုးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အားရကျေနပ်ဖွယ်အနေအထားတွင်ရှိပြီး ပန်းတိုင်ရရှိမှုမြင့်မားစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တိုင်းဒေသကြီး၏ GDP အနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာ၏ ၁၀ ရာခိုင်နှုန်းခန့်ပါဝင်ကြောင်း”** ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအများအပြား၌ပင် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေရဆဲဖြစ်သည်။ ဥပမာအားဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသည်ပင်လျှင် စိုက်ပျိုးရေးထုတ်ကုန်များကိုထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries)၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြော

သရက် မေ ၂၆

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို မေလ ၂၅ ရက် မွန်းလွဲပိုင်းတွင် စမ်းအိုင့်ကျေးရွာနှင့် အင်းမငယ်ကျေးရွာတို့၌ ကျင်းပသည်။

ရှေးဦးစွာ သရက်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိနန္ဒာအောင်က မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုးလွင်က ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးခိုးမြူငွေ့အန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်အချက်များကိုလည်းကောင်း ဆွေးနွေးပြောကြားပြီး ဟောပြောပွဲတက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ဆက်လူ**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၇-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News

၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား

၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ

၅။ ၁၅:၃၅ Happy Zone

၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ ပဲမျိုးစုံ ပြောင်းနှင့် နှမ်းတန်ချိန် သုံးသန်းကျော်တင်ပို့ထား



ရန်ကုန် မေ ၂၆

ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်က ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတန်ချိန် သုံးသန်းကျော်တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

ထိုသို့တင်ပို့ရာတွင် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၇၇ သန်းကျော်၊ ပြောင်းတန်ချိန် ၁ ဒသမ ၂၃ သန်းကျော်နှင့် နှမ်းတန်ချိန် ၁၁၇၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော် ရရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းများကို နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ တင်ပို့လျက်ရှိပြီး အဓိကအားဖြင့် အိန္ဒိယ၊ ထိုင်း၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အဓိကသီးနှံများအနေဖြင့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကို စိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုးစိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ကာ ပဲမျိုးစုံအနေဖြင့် တစ်နိုင်ငံလုံး လယ်ယာထွက်ပစ္စည်းထွက်ရှိမှု၏ ၃၃ ရာခိုင်နှုန်းခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံစိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်တွင် ပဲမျိုးစုံစိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ဧက၏ ၇၂ ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ဖြစ်ကာ ပဲလွမ်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် တခြားပဲများလည်း စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကိုမြှင့်တင်လျက်ရှိသော နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပြီး ပဲမျိုးစုံသည်လည်း အဓိကပို့ကုန်တစ်မယ်အဖြစ်ပါဝင်ကြောင်း သိရသည်။

ဝါဝါ

## ပွင့်ဖြူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူ

ပွင့်ဖြူ မေ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူခြင်းကို မေလ ၂၆ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းနှင့် ဆရာ၊ ဆရာမများတက်ရောက်ကြပြီး နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ မြေစိုက်ပိုစတာ(ဗီနိုင်း)ဆိုင်းဘုတ်ကို တာဝန်ရှိသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ အမွှေးနံ့သာရည်များပက်ဖျန်းပြီး စိုက်ထူကြသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို မေလ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး ဇွန်လ ၁ ရက်တွင် အခြေခံပညာကျောင်းများအားလုံး စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကျင်းပ

ဒေးဒရဲ မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အနာဂတ်လူငယ်လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများ သစ်တောသစ်ပင်များ၏တန်ဖိုးကို အလေးထားသိရှိစေရန်၊ သစ်တောပြုန်းတီးမှုမရှိစေရေးအတွက် ဝိုင်းဝန်းပါဝင်ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အသိပညာပေးဟောပြောပွဲကို မေလ ၂၆ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က သစ်တောများကာကွယ်ထိန်းသိမ်းခြင်းဖြင့် သစ်တောသစ်ပင်များမှ ရရှိနိုင်သော အကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောသစ်ပင်များ၏အရေးပါမှုကဏ္ဍများ၊ သစ်ပင်ပျိုးထောင်သည့်နည်းစနစ်များနှင့် သစ်တောများထိန်းသိမ်းခြင်းဖြင့် ရာသီဥတုမျှတကောင်းမွန်လာစေခြင်း၊ ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် နေထိုင်ကျက်စားရာနေရာကို ဖန်တီးပေးနိုင်ခြင်း၊ လူသားများအသက်ရှင်ရပ်တည်ရေး သစ်တောသစ်ပင်များသည် အဓိကအခန်းကဏ္ဍမှပါဝင်သဖြင့် ကျောင်းသား၊ ကျောင်းသူများ သစ်တောသစ်ပင်များကို တန်ဖိုးထားမြတ်နိုးတတ်စေရေး အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပသည်။

ထို့နောက် တက်ရောက်လာသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နံရံကပ်စာစောင်များကို လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**အေဇာလင်း**

## ကျောက်တလုံးကြီးမြို့၌ ကြက်သွန်ဖြူစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်



ကျောက်တလုံးကြီး မေ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့၌ ပြီးခဲ့သည့် ဆောင်းရာသီက စိုက်ပျိုးထားသော ကြက်သွန်ဖြူစိုက်ခင်းများ ရိတ်သိမ်းပြီးစီးကာ အောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်ဖြူများကို စိုက်ပျိုးရာတွင် မိုးစပါးများ ရိတ်သိမ်းပြီးကာလ၌ လယ်မြေများထွန်ရေးညက်အောင်ပြုပြင်ကာ ဘောင်ဖော်ပြီး မြေအောင်းအဖြစ် နွားချေးနှင့်ဒီစူပါ မြေသြဇာထည့်ကာ တစ်ပင်နှင့်တစ်ပင် နှစ်လက်မ၊ တစ်တန်းနှင့်တစ်တန်း လေးလက်မခွာ၍စိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီးတစ်ပတ်အကြာတွင် ပေါင်းပင်များ နှိမ်နင်းခြင်းနှင့် တစ်ပတ်လျှင်တစ်ကြိမ် ရေပက်ဖျန်းခြင်းကိုဆောင်ရွက်ကြောင်း၊ လေးပတ်ကြာလျှင် ပုလဲနှင့် အာမိုရဲ မြေသြဇာထည့်သွင်းပေးပြီး ပေါင်းပင်များကို နှစ်လအရွယ်အထိ နှိမ်နင်းပေးရကြောင်း၊ ရက်ပေါင်း ၉၀ အကြာတွင် ကြက်သွန်ဖြူများစဖူး၍ ကြက်သွန်ဖြူဥကြီးထွားရန် အဖူးများကိုခြွေပေးရကြောင်း သိရသည်။

ကြက်သွန်ဖြူစိုက်ပျိုးပြီး ရက်ပေါင်း ၁၂၀ ခန့်အကြာတွင် ပင်စည်နှင့်အရွက်ဝါလာပါက လက်ဖြင့်နုတ်သိမ်းနိုင်ကြောင်း၊ ကြက်သွန်ဖြူပိဿာ ၁၀၀ စိုက်ပျိုးလျှင် ပိဿာ ၈၀၀ မှ ၁၂၀၀ ကြား ထွက်ရှိနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရမှ စိုက်ပျိုးထုတ်လုပ်သူများကို လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

မြဝတီ ကာတွန်း



# ကမ္မဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

နောက်တစ်နေ့စောစောကြီးတွင် ခရီးထွက်ရမည်ဆိုသော ညဦးပိုင်းသို့ ရောက်ခဲ့သည်၌ ကျွန်ုပ်အား ကျေးဇူးရှင်များက အစစအရာရာတွင် လိမ္မာရန် မိဘရင်းသဖွယ် မှာကြား၍နေကြပေသည်။ ကျွန်ုပ်အား အဝတ်အစားတစ်စုံနှင့် ငွေဒင်္ဂါးသုံးပြားကိုလည်း လက်ဆောင်ချီးမြှင့်ကြပေသည်။ ကျွန်ုပ်လည်း ဝမ်းသာဝမ်းနည်းကြီးဖြင့် ခံယူရင်း ကျေးဇူးရှင်များစိတ်ချရအောင် ပြောဆိုနေရ၏။ အသန့်ကလေးကား ကျွန်ုပ် ခရီးထွက်ရန် ဟန်ပြင်ကတည်းက မျက်စိမျက်နှာမကောင်းရှာပါ။ ငယ်စဉ်ကလေးဘဝ ဟိုရှေးကတည်းက အတူနေထိုင်ကြီးပြင်းလာရသဖြင့် မောင်အကြီးသဖွယ် တွယ်တာနေရှာသော အသန့်သည် ကျွန်ုပ်ခွဲခွာသွားတော့မည်ကို သိရသောအခါ၌ သံယောဇဉ်ကြိုးတင်းကျပ်နေဟန်ရှိပါ၏။

ကျွန်ုပ်နှင့် ကျေးဇူးရှင်များ စကားပြောဆိုနေခိုက်တွင် အသန့်သည် ခပ်ဝေးဝေးမှ ငိုင်ငိုင်ကလေးနားထောင်နေရှာပါသည်။ ကျွန်ုပ်၏မျက်နှာကိုလည်း ကွက်ကြည့်ကွက်ကြည့်ဖြစ်နေရှာ၏။ ထိုညက အိပ်ရာအဝင်တွင် ကျွန်ုပ်ကိုယ်တိုင်ပင် အိပ်၍မရ။ အသန့်တို့အား ခွဲခွာသွားရမည်ကို ဝမ်းနည်းမိပေသည်။ သို့သော် ကျွန်ုပ်မှာ အတောင်အလက်စုံသောအရွယ်သို့ ရောက်ပြီဖြစ်ရကား မတတ်သာသောကြောင့် တော်ရာသို့ သွားရောက်နေထိုင်ရတော့မည်ဖြစ်ပေရာ ကျွန်ုပ်၏ရည်ရွယ်ချက်ကြီးများကိုလည်းကောင်း၊ ကျွန်ုပ်ကြိုးပမ်းရမည့်ခရီးဘဝလမ်းကိုလည်းကောင်း တွေးတွေးနှင့် အိပ်၍မရတစ်ချက်၊ ရတစ်ချက်ဖြင့်ပင် မိုးလင်းရပေတော့သည်။

**"ကျွန်ုပ်နှင့် ကျေးဇူးရှင်များ စကားပြောဆိုနေခိုက်တွင် အသန့်သည် ခပ်ဝေးဝေးမှ ငိုင်ငိုင်ကလေးနားထောင်နေရှာပါသည်။ ကျွန်ုပ်၏မျက်နှာကိုလည်း ကွက်ကြည့်ကွက်ကြည့်ဖြစ်နေရှာ၏။ ထိုညက အိပ်ရာအဝင်တွင် ကျွန်ုပ်ကိုယ်တိုင်ပင် အိပ်၍မရ။ အသန့်တို့အား ခွဲခွာသွားရမည်ကို ဝမ်းနည်းမိပေသည်။ သို့သော် ကျွန်ုပ်မှာ အတောင်အလက်စုံသောအရွယ်သို့ ရောက်ပြီဖြစ်ရကား မတတ်သာသောကြောင့် တော်ရာသို့ သွားရောက်နေထိုင်ရတော့မည်ဖြစ်ပေရာ ကျွန်ုပ်၏ရည်ရွယ်ချက်ကြီးများကိုလည်းကောင်း၊ ကျွန်ုပ်ကြိုးပမ်းရမည့် ခရီးဘဝလမ်းကိုလည်းကောင်း တွေးတွေးနှင့် အိပ်၍မရတစ်ချက်၊ ရတစ်ချက်ဖြင့်ပင် မိုးလင်းရပေတော့သည် . . ."**

အရုဏ်တက်လောက်တွင် အိမ်မကြီးဘက်၌ အသန့်ကလေးနိုးကာ မီးဖိုချောင်ထဲ၌ တချောက်ချက်ချက်လုပ်နေသည်ကို ကျွန်ုပ်၏အိပ်ရာမှနေ၍ကြားရ၏။ အသန့်သည် ကျွန်ုပ်လမ်း၌စားသွားရန် ထမင်းထုပ်ပေးလိုက်ဖို့ ထမင်းအိုးတည်၍နေခြင်းဖြစ်၏။ မကြာမီပင် အိမ်မထက်မှနေ၍ "အစ်ကိုကံကောင်း ထတော့လေ...မိုးလင်းတော့မယ်..." ဟု နှိုးသံကိုကြားရသဖြင့် ကျွန်ုပ်လည်း အိပ်ရာမှထကာ ကိုယ်လက်သုတ်သင် အဝတ်အစားလဲရ၏။ အသန့်ခမျာကား ကျွန်ုပ်အတွက် ထမင်းထုပ်ကလေးအသင့်ထုပ်၍ နေပေသည်။ ကျေးဇူးရှင်လင်မယားတို့လည်း အိပ်ရာမှနိုးကြကာ ကျွန်ုပ်အား ပညာကြိုးစားရန် ထပ်၍မှာကြ၏။

နောက်ဆုံး၌ နေမထွက်မီတွင် ကျွန်ုပ်သည် ကျေးဇူးရှင်များကို ဦးချကန်တော့ကာ အိမ်မှထွက်ရန် အသင့်ပြင်ရ၏။ အသန့်သည် အသင့်ချိတ်ထားသော ကျွန်ုပ်၏ အပေါ်အင်္ကျီကို ယူပေးရှာ၏။ သူ့ကိုကြည့်လိုက်ရာတွင် မျက်ရည်ကလေးအဝဲသားနှင့်ဖြစ်နေသဖြင့် ကျွန်ုပ်၌ ရင်ဆို့သွားမိ၏။ ကျေးဇူးရှင်အသန့်၏မိခင်သည်လည်း အင်္ကျီလက်ဖျားဖြင့် မျက်လုံးထောင့်ကို တို့ရှာသည်။

"ကိုင်း...အသန့်...အစ်ကိုကံကောင်းသွားတော့မယ်နော်..."ဟု နှုတ်ဆက်လိုက်သည်တွင် အသန့်သည် မျက်ရည်တွေ ဝိုင်းဝိုင်းလည်နေရာက "ဟုတ်...ဟုတ်ကဲ့" ဟု ငိုသံပါနှင့်ဆိုရှာသည်။ ကျေးဇူးရှင်တို့က နှုတ်ဖျားမှ "စာ...တစ်လတစ်ခါရေးပါကွယ်။ တို့ဆီကလည်း စာရေးမယ်ဟုတ်လား...ကဲ...ကဲ...သွားပေတော့သားရယ်...အစစအရာရာလိမ္မာပါကွယ်" ဟူသော နှုတ်ဆက်ဩဝါဒစကားများကို နာခံရင်း ကျွန်ုပ်သည် ကျေးဇူးရှင်တို့၏ အရိပ်အာဝါသမှ ခွာခဲ့ရပေသည်။

■ ■ ■ ■ ■

## တွေ့လွဲ လွဲရခြင်း

ကျေးဇူးရှင်တို့၏ အရိပ်အာဝါသမှ ခွာခဲ့၍ သင်္ဘောပေါ်သို့ရောက်ပြီးလျှင် လက်မှတ်ခံရန် ပိုက်ဆံအိတ်ကို စမ်းသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ပိုက်ဆံအိတ်ထည့်ထားသော အတွင်းအိတ်တွင် အထုပ်ပြားချပ်ချပ်လေးတစ်ခုကို တွေ့ရသဖြင့် ထူးဆန်းလှပေသည်ဟု ကပျာကသီ ထုတ်ယူကာ ကြည့်လိုက်၏။ အထုပ်လေးမှာ အလှူတစ်ခုမှ လက်ဆောင်ပေးသော စက္ကူအိတ်တစ်အိတ်အတွင်း၌ တစ်စုံတစ်ခုကိုထည့်ကာ ကျကျနနချိုးခေါက်၍ ထုပ်ထားပြီးလျှင် အပေါ်က အပ်ချည်ကြိုးဖြင့် စည်းနှောင်ထား၏။ ဖြေဖွင့်၍ကြည့်လိုက်သောအခါတွင် အတွင်း၌ ပန်းထိုးလက်ကိုင်ပဝါလေးတစ်ထည်၊ ဝိတိုရိယတံဆိပ်ခေါင်းပါသော တစ်ကျပ်တန်ငွေစက္ကူတစ်ချပ်နှင့် စာတိုကလေးတစ်စောင်ကို တွေ့ရပေသည်။ ထိုစာကလေးမှာ-

**ရှိသေစွာ စာရေးပါသည် အစ်ကိုကံကောင်းရှင့်။**

အစ်ကိုကံကောင်းလမ်းမှာသုံးဖို့ အသန့်စုထားတဲ့ ငွေတစ်ကျပ်ကို ပေးလိုက်ပါသည်ရှင့်။ ပြီးတော့ အသန့်အကြိုက်ဆုံး လက်ကိုင်ပဝါလေးလည်း ပေးလိုက်ပါသည်ရှင့်။ ကျောင်းပိတ်တိုင်း အသန့်တို့ဆီကို မြန်မြန်ပြန်လာပါရှင့်။ အသန့်တို့ဆီကလည်း စာပြန်ပါမည်ရှင့်။ ကျောင်းပိတ်ရင် ဆက်ဆက်ပြန်ခဲ့ပါရှင့်။ အသန့်မျှော်နေပါမည်ရှင့်။

**ညီမကလေး**

**အသန့်**

ဟူသော စာကလေးပင်ဖြစ်၏။ ကျွန်ုပ်သည် လက်မှတ်မယူဖြစ်သေးဘဲ သူ့စာနှင့် လက်ကိုင်ပဝါလေးကိုကြည့်ကာ သင်္ဘောလက်ရန်းသို့ လာခဲ့မိပေသည်။ သင်္ဘောကုလားတို့သည် ကုန်းပေါင်ကို ထိုးတင်ကြပြီးပြီဖြစ်၍ သင်္ဘောသည် ဆိပ်ခံမှ တရွေ့ရွေ့ခွာစပြု၏။ ကျွန်ုပ်လည်း လှိုက်လှဲသောနှလုံးဖြင့် တရွေ့ရွေ့ရွေ့ကာ ကျန်ရစ်ခဲ့သော ညီမလေးအသန့်ရှိရာ မြို့ကလေးကို တွေဝေငေးမောကာကြည့်ရင်း ရင်တွင်း၌ လှိုက်လှိုက်လှဲလှဲဝမ်းနည်းမိလေတော့သည်။

မြေတိုင်းကျောင်း၌ ကျွန်ုပ် ကြိုးစားရပုံတို့ကို ရေးလျှင်ကား ဆုံးနိုင်ဖွယ်ရှိမည်မဟုတ်ပေ။ ဤနေရာအထိ ကျွန်ုပ်၏ဖြစ်စဉ်မှတ်တမ်းကို ရေးသားပြီးသောအချိန်၌ ကျွန်ုပ်၏ဝတ်လုံများသည် ကျွန်ုပ်၏ ကြိုးဒဏ်အယူခံချက်ကို တရားလွှတ်တော်ချုပ်၌တင်ကာ လျှောက်လဲချက်များ ပေး၍ပင် နေကြပေပြီ။ ကျွန်ုပ်၌ အချိန်များစွာမရှိတော့ပေ။ ထို့ကြောင့် ကျွန်ုပ်၏ ဖြစ်စဉ်မှတ်တမ်းကို အတိုချုံ့နိုင်သည့် နေရာတို့၌ ချုံ့ရပေတော့မည်ဖြစ်၏။ ထို့ကြောင့် အတိုချုံ့ရမည်ဆိုပါလျှင် ကျွန်ုပ် မြေတိုင်းကျောင်းတက်၍နေရာ၌ အသန့်ကလေးတို့ထံ လစဉ်မှန်မှန် စာတစ်စောင်ကျထည့်၏။ ကျောင်းအိပ်ကျောင်းစားဘဝ၌ နေထိုင်ရသောကြောင့် အစားအသောက် အနေအထိုင် အချိန်မှန်ကန်သည့်အားလျော်စွာ ကျွန်ုပ်သည် ကြွက်သားကြီးထွားရေး လေ့ကျင့်ခန်းများကို ကျကျနနကြီးလိုက်စားခဲ့၏။ အသွေးအသားတက်ဖြိုးချိန်ဖြစ်သည့်အလျောက် ကျွန်ုပ်မှာ ကာယဗလ လျင်မြန်စွာထွားကျိုင်းလာပေရာ နောက်ဆုံး၌ ကျောင်းနေဖက်မိတ်ဆွေများကပင် "ဖားပြုပ် ကံကောင်း" ဟု အမည်ပြောင်းပေးထားကြ၏။

အကြောင်းမူကား ကျွန်ုပ်မှာ အင်္ကျီကျွတ်ဘောင်းဘီတိုနှင့်ဆိုလျှင် အလွန်ကြည့်၍ကောင်းသော အားရစရာကိုယ်လုံးရှိသော်လည်း ကျကျနနအပေါ်အင်္ကျီနှင့် ရှပ်လည်မာဝတ်လိုက်သောအခါ မို့မောက်နေသော ပခုံးကြွက်သားများကြောင့် ဖားပြုပ်နှင့်တူသောကြောင့်ဖြစ်ပေသည်။ ကာယဗလပြည့်ဖြိုးလာသည်၌ သဲအိတ်ထိုးလေ့ကျင့်ခဲ့သေး၏။ နောက်ဆုံး၌ ငှက်ပျောပင်ပျိုကို ထက်ပိုင်းငိုက်စိုက်ကျိုးအောင် ထိုးနိုင်ခဲ့၏။ ဤအခါ၌ ရင်ထဲတွင် ကိုယ့်ဗလနှင့် ကိုယ့်လက်သီးဆုပ်ကိုကြည့်ကာ ပြုံးမိ၏။ ပြုံးလိုက်သောအခါတွင် ကျွန်ုပ်၌ ရွှေသွားတစ်ချောင်း ဝါခနဲပေါ်၍လာရာ ထိုရွှေသွားကို ကြည့်ရင်းပင် ထပ်၍ပြုံးလိုက်မိပြီးနောက် "သြော်...မောင်ညိမ်းအောင်..."ဟုဆိုကာ ရင်မောက်အောင် အသက်ရှူမိပေသည်။ မောင်ညိမ်းအောင်၏လက်ချက်ကြောင့် နှဲ့ခဲ့ရသောသွားမှာ ပြန်၍မခိုင်တော့သဖြင့် ကျွန်ုပ်သည် ငွေကလေးခြစ်ခြစ်ခြုတ်ခြုတ်စုကာ ရှစ်ကျပ်တန်ရွှေသွားတစ်ချောင်းကို စိုက်ခဲ့ရပေသည်။ ရွှေသွားကို မြင်မိတိုင်း ဖြစ်ခဲ့သမျှကို သတိရမိ၏။ နံနက်တိုင်း သွားတိုက်အပြီး မှန်ထဲ၌ ကြည့်လိုက်လျှင် ထိုရွှေသွားဝါဝါသည် ကျွန်ုပ်၏ဘဝသန္နိဋ္ဌာန်ကြီးကို မမေ့အောင် ဖန်တီးလျက် အနာရွတ်မြင်တိုင်း မဟော်ကို မကျေသော ကေဝဋ္ဋကဲ့သို့ ရှိရပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကုန်းကျေးရွာ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မျိုးစေ့ ထည့်သွင်းကြဲပက်ခြင်းကွင်းသရုပ်ပြ

လှိုင်းဘွဲ့ မေ ၂၆

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကုန်းကျေးရွာ ကွင်းအမှတ် (၁၅၄၇) ဦးပိုင်အမှတ် (၉) ရှိ တောင်သူ ဦးပေါ်လင်၏ လယ်မြေ ၄ ဒသမ ၅ ဧက၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) မျိုးစေ့ ထည့်သွင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို မေလ ၂၅ ရက်က ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဝတ်ရည်စမ်းက မြေဆီလွှာအတွင်း အာဟာရထက်သန်စေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ထည့်သွင်းပေးရခြင်း၏ ရည်ရွယ်ချက်များ၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) သည် မြေတွင်းအာဟာရဓာတ်ကြွယ်ဝစေ၍ မြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်လာစေခြင်း စသည့်အကျိုးကျေးဇူးများကို တောင်သူများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် စူပါဘိုကာရှီမြေဆွေးပြုလုပ်နည်း အဆင့်ဆင့်ကို တောင်သူများအား လက်တွေ့ပြသပေးပြီး သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မျိုးစေ့များကို ကျေးရွာနေတောင်သူများထံ ပေးအပ်သည်။

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ လယ်ယာမြေများအတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) များစိုက်ထည့်ခြင်း၊ သဘာဝမြေဆွေးထည့်သွင်းခြင်း၊ ထုံးထည့်သွင်းခြင်း၊ နွေထယ်ရေးလှန်ခြင်း စသည့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တွေ့ဆုံ

## လွှတ်တော်သည် ပြည်သူနှင့်အစိုးရအကြား ပြည်သူများ၏လိုအပ်ချက်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိ



မန္တလေး မေ ၂၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးသဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတော်အကျိုးအတွက် လက်ရှိကာလတွင် တက်တက်ကြွကြွသက်ဝင်လှုပ်ရှားဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ထုံးလုပ်နည်းများလွဲမှားမှု မရှိစေလိုကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့်နေရာတစ်ခုဖြစ်ပါကြောင်း။

ဥပဒေပြုလုပ်ငန်းသည် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး လွှတ်တော်သည် နိုင်ငံသူ၊ နိုင်ငံသားများကို ဥပဒေအကာအကွယ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာနေနိုင်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ သို့ဖြစ်၍ ခေတ်စနစ်နှင့် မလျော်ညီသည့် တည်ဆဲဥပဒေများကို စနစ်တကျလေ့လာပြီး ပြင်ဆင်၊ ဖြည့်စွက်ပြဋ္ဌာန်းပေးရန်လိုပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေကို လေ့လာသုံးသပ်ပြီး ခေတ်နှင့်လျော်ညီသည့်ဥပဒေများပြဋ္ဌာန်းပေးရန်လိုပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေမူကြမ်းရေးဆွဲ၍ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် လွှတ်တော်အနေဖြင့်လည်း ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆိုပါအွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေမူကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့်လည်း မိမိတို့လွှတ်တော်အပေါ် မျှော်လင့်ချက်၊ ယုံကြည်ချက်ထားရှိနေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းများတင်သွင်းမေးမြန်းရာတွင် ပြည်သူများ၏ အမှန်တကယ်လိုအပ်သည်များကို တင်သွင်းမေးမြန်းရန်လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မဲဆန္ဒနယ်မြေအကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကို အသေးစိတ်သိရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏လိုအပ်ချက်များကို လွှတ်တော်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတော်အစိုး၏ရက်၁၀၀စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်း မျက်ခြည်မပြတ်မှတ်သားလေ့လာပြီး လွှတ်တော်ကဏ္ဍမှ ပေါင်းစပ်ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်နှင့်အစိုးရ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုလိုအပ်ချက်များကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန်အတွက် အစိုးရ၏မူဝါဒ သိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာများ၊ မျက်မှောက်ခေတ် နိုင်ငံတကာသတင်းများကို မျက်ခြည်မပြတ် လေ့လာကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို ရှေးရှုပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့လက်ထက်တွင် ပိုမိုကောင်းမွန်သည့် လွှတ်တော်များဖြစ်လာစေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးသော ကိုယ်စားလှယ်များဖြစ်ရန်နှင့် ပြည်သူလူထုက ယုံကြည်ထိုက်သူများဖြစ်ရန်ကြိုးစားသွားရန် လိုအပ်ပါကြောင်း၊ မိမိတို့လွှတ်တော်သည် ထူးထူးခြားခြား ပြည်သူ့အကျိုးပြုသည့် လွှတ်တော်ဖြစ်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမအား ကြည့်ရှုစစ်ဆေးပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မိမိတို့လွှတ်တော်သည် လွှတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲမှ သက်ဆိုင်ရာမဲဆန္ဒရှင်ပြည်သူများက စိတ်ကြိုက်ရွေးချယ်ပေးလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်များသည် ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသဖြင့် ပြည်သူနှင့် အနီးကပ်ဆုံး အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ အပြည့်အဝရရှိအောင်ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါကြောင်း၊ လွှတ်တော်သည် ပြည်သူနှင့်အစိုးရအကြား ပြည်သူများ၏ လိုအပ်ချက်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူအားကိုးရာနေရာတစ်ခုဖြစ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မြို့မိမြို့ဖနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ အခက်အခဲနှင့် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များရှိပါက လွှတ်တော်အနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များအား ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးတင်ပြပေးကြရန်နှင့် လွှတ်တော်များမှလည်း သက်ဆိုင်ရာနှင့်ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လိုအပ်ပါက ဥပဒေအဖြစ် ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းပေးခြင်းများ ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ ယခုတင်ပြလာသော လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာအခက်အခဲများ၊ အများနှင့်သက်ဆိုင်သည့် အခက်အခဲများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော MSME အခက်အခဲများနှင့်ပတ်သက်သည့် တင်ပြချက်များနှင့် စပ်လျဉ်းပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်စိစစ်ခြင်းနှင့် လိုအပ်ပါကဥပဒေအဖြစ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးကို ဥပဒေပြုလွှတ်တော်အနေဖြင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၆ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုဆက်လက်ဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုကိုကြည့်ရှုအားပေးစဉ်။







**နေပြည်တော် မေ ၂၆**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန်လ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေလ ၂၅ ရက်မှ မေလ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေအပါအဝင်ပိတ်ရက်မရှိသတ်မှတ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို မေလ ၂၅ ရက်နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆက်လက်အပ်နှံဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာတွင်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူမိဘအုပ်ထိန်းသူများနှင့်ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား၊ ကျောင်းသူများအား တစ်ပါတည်းပေးအပ်ကြသည်။

ယင်းသို့ ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်နေသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်းအဆင့်အထိ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ (၄) ချောင်းနှင့်ကျောင်းဝတ်စုံ (၁) စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ(၂) ချောင်းနှင့် ဘောပင် (၂) ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း သိရှိရသည်။

ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများ၊ တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများနှင့် အခြေခံပညာကျောင်းအသီးသီးမှ ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"နေပြည်တော်ရွာတော်မင်္ဂလာဈေးဝင်းကနေ ငါးတန်းသမီးကို လာပြီးတော့ ကျောင်းအပ်ခြင်းဖြစ်ပါတယ်။ ဒီကျောင်းကို အပ်ရတဲ့ရည်ရွယ်ချက်ကတော့ ကျောင်းပညာရေးကလည်း ကောင်းပါတယ်။ စာသင်ကြားမှုကလည်း ကောင်းပါတယ်။ ကလေးတွေရဲ့ လေ့လာမှုအားကောင်းနိုင်အောင်လို့ ဆရာမတွေရဲ့ အထောက်အပံ့တွေလည်း အများကြီးပေးတာကို တွေ့ရပါတယ်။ ကျောင်းအပ်တဲ့အပေါ်မှာတော့ အားလုံးအေးအေးဆေးဆေး နွေးနွေးထွေးထွေးရှိသလိုမျိုးပဲ ကျောင်းကို လာပြီးတော့အပ်ရတဲ့ အပေါ်မှာလည်း အားလုံးအဆင်ပြေပါတယ်။ အခက်အခဲတစ်ခုမှ မတွေ့ပါဘူး။ ကျောင်းကထောက်ပံ့မှုတွေအားလုံးကလည်း မနှစ်ကလည်း အပြည့်အစုံရသလို ဒီနှစ်လည်း အပြည့်အစုံရတာတွေ့ရပါတယ်။ စာအုပ်တွေလည်းရပါတယ်။ ခဲတံတွေလည်းရပါတယ်။ ပုံနှိပ်ဖတ်စာအုပ်တွေလည်း ရပါတယ်။ ကျောင်းဝတ်စုံတွေလည်း ပေးပါတယ်" ဟုပြောသည်။

"သူငယ်ချင်းတွေ အများကြီးနဲ့လည်း ကျောင်းတက်ရတယ်။ ပြီးရင် အတူတူက စားရတာတွေလည်း အရမ်းပျော်ပါတယ်။ စာသင်ရတာတွေလည်း အရမ်းပျော်ပါတယ်။ ကျောင်းလာတဲ့အခါမှာ စာသင်ရမယ်။ GRADE- 6 ဖတ်စာအုပ်တွေနဲ့ ဗလာစာအုပ်တွေရယ်၊ ခဲတံတွေရယ်၊ ဘောပင်တွေရယ်ကို ရပါတယ်။ သမီးရဲ့ အနာဂတ်တွင် ရည်မှန်းချက်ကတော့ အင်ဂျင်နီယာဖြစ်ချင်ပါတယ်"ဟုပြောသည်။

"ကျောင်းကို အလွယ်တကူအပ်လို့ရအောင်ဆိုလို့ရှိရင် စာရင်းဇယားတွေဆိုလို့ရှိရင် သေချာ List လုပ်ထားတယ်။ မနှစ်က GRADE- 1 မှာဆိုလို့ရှိရင်လည်း GRADE- 1 မှာအောင်ခဲ့တဲ့ အောင်စာရင်းတွေကို GRADE- 2 ဘက်ကို ကယ်ရီသယ်လာပြီးတော့မှ စနစ်တကျဖြစ်သွားအောင်၊ အလွယ်တကူလည်း စာရင်းသွင်းလို့ရအောင် သေချာလေးတွေ ပြုလုပ်ပေးထားပါတယ်။ ကွာခြားချက်ကတော့ သိပ်မရှိပါဘူး။ ဘာလို့လဲဆိုရင် မနှစ်ကလည်း ပုံနှိပ်၊ ရေးစာအုပ်၊ ခဲတံ၊ ဝတ်စုံတွေ ထောက်ပံ့သလိုပဲ ဒီနှစ်မှာလည်း အရင်နှစ်ကလိုပဲ ခဲတံ၊ ဗလာစာအုပ် အဲဒါတွေကို အခမဲ့ထောက်ပံ့ပေးပါတယ်"ဟုပြောသည်။ (၁၀၀)



# အောင်လံမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံ

အောင်လံ မေ ၂၆

မကွေးတိုင်းဒေသကြီး အောင်လံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် မေလ ၂၅ ရက် နံနက်ပိုင်းမှစတင်၍ ကျောင်းအပ်လက်ခံခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်သည်။

ထိုသို့ ကျောင်းအပ်နှံရာတွင် နိုင်ငံတော်အစိုးရ၏စီစဉ်ပံ့ပိုးမှုဖြင့် KG မှ Grade-12 အထိ သက်ဆိုင်ရာအတန်းများအလိုက် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံတို့ကို အခမဲ့ပံ့ပိုးပေးလျက်ရှိကြောင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပုံနှိပ်စာအုပ်၊ စာရေးကိရိယာများအပြင် ကျောင်းဝတ်စုံတစ်စုံတို့ကိုလည်း အခမဲ့ပံ့ပိုးပေးအပ်သည်။

"ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးမာလာခိုင်ကကြီးကြပ်၍သက်ဆိုင်ရာဆရာ၊ ဆရာမများက KG တန်းမှ Grade-12 အထိ ကျောင်းသား၊ ကျောင်းသူများအား အုပ်ထိန်းသူမိဘများက လာရောက်ကျောင်းအပ်နှံပေးလျက်ရှိကြကြောင်းသိရသည်။ **အာကာ(ပြန်/ဆက်)**

# အသက်၁၀နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေး

တနင်္သာရီ မေ ၂၆

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(တနင်္သာရီ)နှင့် အခြေခံပညာမူလတန်းကျောင်း(ချောင်းငယ်)တို့၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ လမင်းစီမံချက်အရ UID ကတ်ထုတ်ပေးခြင်းနှင့် အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို မေလ ၂၅ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိလစ်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်နှင့် မြို့နယ်ပညာရေးမှူးဒေါ်အေးအေးတို့ကလာရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား UID ကတ်များအဆင်ပြေချောမွေ့စွာထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ စနစ်တကျရရှိနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တနင်္သာရီ(ပြန်/ဆက်)**

## MWD Variety Channel

၂၇-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာ ပြတိုက်မှာ
၂။ ၁၁:၅၀ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၇:၄၅ ရောင်စုံပျို့သင်းစာပန်းခင်း

# ကျန်းမာရေးအဆင့်မြှင့်ကျောင်း တိုင်းဒေသကြီးအဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ

ပဲခူး မေ ၂၆

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေလ ၂၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးအဆင့်မြှင့်ကျောင်း တိုင်းဒေသကြီးအဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက ကျန်းမာရေးအဆင့်အတန်းမြင့်မားပြီး ဗလငါးတန်နှင့် ပြည့်ဝသော ကျောင်းသားလူငယ်များဖြစ်ထွန်းလာစေရေး၊ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများ တိုးပွားလာစေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အကျင့်ကောင်းများရရှိကျင့်သုံးတတ်စေရန်နှင့် သန့်ရှင်းသောကျောင်းပတ်ဝန်းကျင်ဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်ယူမှုစွမ်းရည်မြင့်မားရေးကို ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းအား မေလ ၂၅ ရက်မှ ၂၇ ရက်အထိဖွင့်လှစ်ကာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျောင်းကျန်းမာရေး တာဝန်ခံတို့အား မျက်စိစမ်းသပ်စစ်ဆေးခြင်းကို ပဲခူး ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးတို့က သင်ကြားပေးခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၁၀)



# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်

ကြို့ပင်ကောက် မေ ၂၆

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့အခြေခံပညာကျောင်းများ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း အဘိတ်ဆေးခတ်ခြင်းကို မေလ ၂၅ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်းရှိကျောင်းသား၊ ကျောင်းသူများအတွက် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းများ၊ အဘိတ်ဆေးခတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ကလေးဝမြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၂၆

ယနေ့ည ၁၁ နာရီ ၀၀ မိနစ် ၅၄ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၇၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကလေးဝမြို့၏အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၂၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၆ ဒီဂရီ၊ အနက် ၇၈ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

## ကွမ်းခြံကုန်းမြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၂၆

ယနေ့ည ၇ နာရီ ၄၈ မိနစ် ၃၃ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် ၆၂ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်(ကွမ်းခြံကုန်းမြို့၏ တောင်- အရှေ့တောင်ဘက် ၃၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၅ ဒသမ ၉၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၇ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၃ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

## မော်လိုက်မြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၂၆

ယနေ့ည ၈ နာရီ ၃၇ မိနစ် ၄၇ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၃၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့မြောက်ဘက် ၂၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၈၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၇ ဒီဂရီ၊ အနက် ၇၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

# အိုမင်းခြင်းကြောင့် မေ့လျော့လာတာလားနှင့် မေ့လျော့ခြင်းအကြောင်း တစေ့တစောင်း

အသက်ကြီးလာရင် မေ့လွယ်တာက သဘာဝလို့ လူအများက ယုံကြည်ကြပါတယ်။ ဒါပေမဲ့ မေ့လျော့မှုအားလုံးက အိုမင်းခြင်းကြောင့်မဟုတ်ပါဘူး။ Dementia ဆိုတာက မှတ်ဉာဏ်၊စဉ်းစားနိုင်စွမ်း၊ ဆုံးဖြတ်ချက်ချနိုင်စွမ်း၊ နေ့စဉ်ဘဝ လုပ်ဆောင်နိုင်စွမ်း စတာတွေ တဖြည်းဖြည်းဆုံးရှုံးလာတဲ့ ဦးနှောက်ရောဂါ အစုအဝေးကြီးဖြစ်ပါတယ်။

ယနေ့ကမ္ဘာတစ်ဝန်းမှာ Dementia ကို အသက်ကြီးလာခြင်းနဲ့အတူ မဖြစ်မနေလက်ခံရမယ့် ရောဂါအခြေအနေတစ်ခုမဟုတ်ဘဲ တားဆီး၊ နှောင့်နှေးနိုင်တဲ့ရောဂါတစ်ခုအဖြစ် လက်ခံလာကြပြီဖြစ်ပါတယ်။ Dementia ဆိုတာ ဦးနှောက်ရဲ့ အလုပ်လုပ်နိုင်စွမ်းတွေ တဖြည်းဖြည်းပျက်စီးသွားတဲ့အတွက် နေ့စဉ်ဘဝကို ကိုယ်တိုင်မစီမံနိုင်တော့တဲ့အခြေအနေဖြစ်လာခြင်းကိုဆိုလိုပါတယ်။

အရေးကြီးတာက Dementia ဆိုတာ ရောဂါတစ်မျိုးတည်းမဟုတ်ဘဲ ရောဂါအမျိုးအစား အများအပြားစုစည်းထားတဲ့အမည်ဖြစ်ပါတယ်။

အယ်လ်ဇိုင်းမားရောဂါက Dementia အားလုံးရဲ့ ၆၀-၇၀ ရာခိုင်နှုန်းကို ဖွဲ့စည်းထားတဲ့အမျိုးအစားဖြစ်ပြီး မှတ်ဉာဏ်ပျောက်ဆုံးမှုနဲ့ ရောဂါစတင်တတ်ပါတယ်။ Vascular Dementia သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း နောက်ဆက်တွဲအဖြစ် ဖြစ်ပွားပြီး သွေးတိုး၊ ဆီးချိုရှိသူတွေမှာ ပိုမိုတွေ့ရတတ်ပါတယ်။

Lewy body dementia မမြင်ရတဲ့ အရာများမြင်ခြင်း၊ အိပ်မပျော်ခြင်း စတာတွေပါဝင်တတ်ပါတယ်။ Frontotemporal dementia အပြုအမူပြောင်းလဲမှု၊ စကားပြောခက်ခဲမှုများ ဖြစ်ပေါ်နိုင်ပါတယ်။

Dementia ဖြစ်စေတဲ့အကြောင်းရင်းတွေက တစ်ခုတည်းမဟုတ်ဘဲ အကြမ်းအားဖြင့် ဦးနှောက်အတွင်း ပြောင်းလဲမှုအများအပြားဖြစ်ခြင်း၊ ဦးနှောက်ဆဲလ်များ ပျက်စီးသေဆုံးခြင်း စတာတွေကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ နာတာရှည်ရောဂါများဖြစ်တဲ့ သွေးတိုး၊ ဆီးချို၊ ကိုလက်စထရောမြင့်ခြင်း စတာတွေရှိတဲ့သူတွေမှာ ပိုမိုဖြစ်ပွားနိုင်ပါတယ်။ မျိုးရိုးဗီဇအရ တချို့အမျိုးအစားတွေက မျိုးရိုးလိုက်နိုင်တာမျိုးလည်း ရှိတတ်ပါတယ်။ လူမှုပတ်ဝန်းကျင်ဆိုင်ရာ အချက်များအနေနဲ့ လူမှုပေါင်းသင်းဆက်ဆံရေး မရှိတာတွေ၊ အာဟာရချို့တဲ့တာတွေမှာလည်း တွေ့ရတတ်ပါတယ်။

### လက္ခဏာများ

လက္ခဏာများကို စောစီးစွာသိရှိနိုင်ဖို့ အရေးကြီးပါတယ်။ Dementia ရဲ့ လက္ခဏာတွေက ရုတ်တရက် မထင်ရှားဘဲ တဖြည်းဖြည်းတိုးလာတတ်ပါတယ်။ မကြာခဏမေ့လျော့ခြင်း၊ ပြောစရာစကားရှာမရခြင်း၊ အချိန်၊ နေရာမသိတော့ခြင်း၊ လူမှုဆက်ဆံရေးမှ ရှောင်ရှားလာခြင်း၊ စိတ်လှုပ်ရှားလွယ်၊ ဒေါသထွက်လွယ်ခြင်း စတဲ့လက္ခဏာတွေကို အိုလို့ဖြစ်လာတာဆိုပြီး ပေါ့ဆမထားသင့်ပါဘူး။

### ရောဂါစစ်ဆေးခြင်း

နိုင်ငံတကာတွင် Dementia ကို စစ်ဆေးရာမှာ အောက်ပါနည်းလမ်းများကို ပေါင်းစပ်အသုံးပြုကြပါတယ်။

Cognitive assessment tests (MMSE, MoCA) သွေးစစ်ဆေးမှုများ၊ CT / MRI ဦးနှောက်ပုံရိပ်များ၊ စိတ်ကျန်းမာရေးအကဲဖြတ်မှုများကို ပြုလုပ်ကြပါတယ်။ စောစီးစွာစစ်ဆေးနိုင်လေ၊ ရောဂါတိုးနှုန်းနှောင့်နှေးနိုင်လေ၊ မိသားစုပြင်ဆင်နိုင်လေဖြစ်ပါတယ်။

### ကုသမှု

ပျောက်ကင်းအောင် ကုသပေးနိုင်ခြင်း မရှိပေမယ့် ရောဂါကို ပိုမိုဆိုးရွားမှုမရှိအောင်ထိန်းချုပ်နိုင်ပါတယ်။ ယနေ့အထိ Dementia ကို အပြီးပျောက်ကင်းအောင် ကုသနိုင်တဲ့ဆေးမရှိသေးပေမယ့် ရောဂါတိုးတက်မှုနှုန်း နှောင့်နှေးစေခြင်း၊ လက္ခဏာများသက်သာစေခြင်း၊ လူနာရဲ့ဘဝအရည်အသွေးထိန်းသိမ်းပေးခြင်း စတာတွေကို ကုသခြင်းနဲ့သိသာစေနိုင်ပါတယ်။

> "Dementia **ဖြစ်စေတဲ့အကြောင်းရင်းတွေက တစ်ခုတည်းမဟုတ်ပါ။ အကြမ်းအားဖြင့် ဦးနှောက်အတွင်း ပြောင်းလဲမှုအများအပြားဖြစ်ခြင်း၊ ဦးနှောက်ဆဲလ်များ ပျက်စီးသေဆုံးခြင်း စတာတွေကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ နာတာရှည်ရောဂါများဖြစ်တဲ့ သွေးတိုး၊ ဆီးချို၊ ကိုလက်စထရောမြင့်ခြင်း စတာတွေရှိတဲ့သူတွေမှာ ပိုမိုဖြစ်ပွားနိုင်ပါတယ်။ မျိုးရိုးဗီဇအရ တချို့အမျိုးအစားတွေက မျိုးရိုးလိုက်နိုင်တာမျိုးလည်း ရှိတတ်ပါတယ်..."**

### ဆေးဝါးကုသမှု

ဆေးဝါးတွေအနေနဲ့ Cholinesterase inhibitors၊ NMDA receptor antagonists စတာတွေကို ဆရာဝန်ညွှန်ကြားချက်နဲ့ အညီ မှီဝဲရမှာဖြစ်ပါတယ်။ Non-pharmacological management ဆေးဝါးမပါ ကုထုံးတွေအနေနဲ့ မှတ်ဉာဏ်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ လူမှုပေါင်းသင်းဆက်ဆံရေးတက်ကြွအောင် ပြုလုပ်ပေးခြင်း စတာတွေကိုလည်း ပြုလုပ်ပေးနိုင်ပါတယ်။

### နိုင်ငံတကာကုသမှုစနစ်များ

ဂျပန်နိုင်ငံက အသက်ကြီးသူတွေအတွက် community-based dementia care လူထုအခြေပြုကုသမှုစနစ်ကို အဓိကထားပြီး မိသားစုဝင်များကိုပါ လေ့ကျင့်သင်ကြားပေးနေပါတယ်။ UK National Health Service အမျိုးသားကျန်းမာရေးဝန်ဆောင်မှုစနစ်မှတစ်ဆင့် Dementia ကို စောစီးစွာသိရှိရေးနဲ့ Dementia များနဲ့ မစိမ်းတဲ့ လူထုစနစ် dementia-friendly community ကို အားပေးလုပ်ဆောင်နေကြပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization) က Dementia ကို ကမ္ဘာ့ကျန်းမာရေးဦးစားပေးရောဂါတစ်ခုအဖြစ် သတ်မှတ်ထားပြီး နိုင်ငံများအား National Dementia Plan အမျိုးသားအဆင့်စီမံကိန်းများ ချမှတ်ဖို့ အကြံပြုထားပါတယ်။

ကာကွယ်မှုအနေနဲ့ လုံးဝမကာကွယ်နိုင်တာမဟုတ်ဘဲ သွေးတိုး၊ ဆီးချိုထိန်းချုပ်တာ၊ လေ့ကျင့်ခန်းပုံမှန်လုပ်တာ၊ စိတ်ဖိစီးမှုလျှော့ချတာ၊ လူမှုဆက်ဆံရေးတက်ကြွစွာပါဝင်တာ၊ ပညာရေးနဲ့သင်ယူမှုဆက်လက်ပြုလုပ်တာ စတာတွေကို လုပ်ဆောင်ခြင်းနဲ့ ကာကွယ်နိုင်ပါတယ်။

နိုင်ငံတကာသုတေသနများအရ Dementia ဖြစ်နိုင်ခြေရဲ့ ၄၀ ရာခိုင်နှုန်းခန့်ကိုလျှော့ချနိုင်တယ်ဆိုပြီး ရှာဖွေတွေ့ရှိထားကြပါတယ်။

### မျက်နှာလွှဲမရတဲ့ စိန်ခေါ်မှုတစ်ခု

အသက်ကြီးသူအရေအတွက် တိုးလာတာတွေ၊ စစ်ဆေးမှုအခွင့်အလမ်းနည်းပါးတာတွေ၊ Dementia ကို အိုမင်းခြင်းအဖြစ်သာမြင်နေတာ စတဲ့အချက်တွေကြောင့် နောင်နှစ်များမှာ လူမှုရေးနဲ့ကျန်းမာရေးစနစ်အပေါ် ဖိအားကြီးမားလာနိုင်ကြောင်းနဲ့ စိန်ခေါ်မှုတစ်ခုဖြစ်လာနိုင်ကြောင်းလည်း သုတေသီများက အကဲခတ်ထားကြပါတယ်။

Dementia ဆိုတာ လူတစ်ဦးရဲ့ မှတ်ဉာဏ်ပျောက်ဆုံးမှုတစ်ခုတည်းသာ မဟုတ်ဘဲ မိသားစုတစ်စုရဲ့ မျှော်လင့်ချက်တွေ၊ လူမှုအသိုင်းအဝိုင်းရဲ့ အင်အားတွေကိုပါ ထိခိုက်စေနိုင်တဲ့ရောဂါဖြစ်ပါတယ်။ နားလည်မှု၊ စောစီးစွာစစ်ဆေးမှု၊ လူမှုထောက်ပံ့မှု စတာတွေနဲ့ Dementia ကို အနာဂတ်မှာ ကြောက်စရာကောင်းတဲ့ရောဂါအဖြစ် မမြင်ရအောင်၊ မဖြစ်ရအောင် အခုကတည်းက ဝိုင်းဝန်းပြင်ဆင်ကြရမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

ဒေါက်တာအောင်ညွန့်ပိုင်

## တံတားဦးမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေး

မန္တလေး မေ ၂၆

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းကို မေလ ၂၆ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မော်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို တာဝန်ရှိသူများက ဒေသခံပြည်သူများလက်ဝယ်အရောက်ပေးအပ်သည်။

တံတားဦးမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့်အထက် ဒေသခံပြည်သူ ၂၃၂ ဦး၊ အသက် ၁၈ နှစ်နှင့်အထက် ဒေသခံပြည်သူ ၆၁ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ် ၁၀၃၁ ကတ်ပြုလုပ်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဆက်လက်ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



ပဲခူး မေ ၂၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရွှေတောင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ရွှေတောင်မြို့နယ် တောင်လုံးညို ကျေးရွာ၌ ပဲခူးတိုင်းဒေသကြီးအစိုးရ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသနွား၊ နို့စားနွား၊ အသားတိုးကြက်၊ အသားတိုးဝက်၊ ဆိတ်နှင့် ဥစားဘဲမွေးမြူရေး လုပ်ငန်းဆောင်ရွက်လျက်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်အစာထုတ်လုပ်သုံးစွဲကြရန်၊ ဒေသတွင်းအသားနှင့်ဥထုတ်လုပ်မှု ဖူလုံပိုလျှံစေရေး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်မှာကြားပြီး မွေးမြူရေးလုပ်ငန်းရှင် ဦးငွေအောင်၏ အသားတိုးကြက်ကောင်ရေ ၁၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရွှေတောင်မြို့နယ် မဲတောကျေးရွာအုပ်စု၌ ရေဆင်း(၃)နှင့် (၂/၁၄) ပေါင်ကြီးတင်စနစ်ဖြင့် နှမ်းသီးနှံစိုက်ပျိုးအောင်မြင်နေမှု၊ နွားခြံကုန်းကျေးရွာ တောင်သူဦးဆန်းသူ၏ တစ်ကွင်းတစ်ဆက်တည်း မြေပဲဧက ၅၀ နည်းစနစ်တကျစိုက်ပျိုးထားရှိမှု၊ ရွာသာယာ-နွားခြံကုန်း-မြို့မလမ်း အရှည် သုည ဒသမ ၄ မိုင်အား မြေသားတာပေါင်ချဲ့ခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၄၁၀)

# နွေနှမ်းသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိစေရေးကြည့်ရှုစစ်ဆေး



မြစ်သား မေ ၂၆

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရခိုင်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၆၂၅) တောင်သူဦးချစ်လှိုင်၏ နွေနှမ်းသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး စံပြကွက် ၁၀ ဧက စိုက်ကွင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးလှမျိုးနှင့်တာဝန်ရှိသူများက မေလ ၂၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို တောင်သူလက်ဝယ်အရောက် အနီးကပ်ပညာပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုခေတ်တွင် တိုးတက်နေသော IT နည်းပညာစနစ်ဖြင့် တောင်သူများအား ပညာပေးဆောင်ရွက်ရန်အတွက် နည်းလမ်းရှိကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးကောင်းမျိုးသန့်သုံးစွဲရေးကို အထူးအလေးထားပညာပေးဆောင်ရွက်ရန်လိုအပ်ကြောင်း မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများအား မှာကြားသည်။

ထို့နောက် မြစ်သားမြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က မှာကြားချက်များအပေါ် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကွင်းတာဝန်ခံဝန်ထမ်းများနှင့် ဆက်စပ်ဌာနဆိုင်ရာများပေါင်းစပ်ညှိနှိုင်းပြီး စိုက်ဧကပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆီထွက်သီးနှံအထူးဇုန်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများအားလုံးအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြော်တွေးလျက် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်းသိရသည်။ **ဝါဝါမြင့်(မြစ်သား)**

# လားရှိုးမြို့၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲကျင်းပ

လားရှိုး မေ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန လားရှိုးမြို့နယ်မီးသတ်ဦးစီးရုံးခန်းမ၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ လားရှိုးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများအား မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမင်းမင်းသစ်ထံသို့ ပေးအပ်သည်။

မီးသတ်ပညာသင်တန်းတွင် အခြေခံစစ်ရေးပြ၊ ပိုက်လိပ်ပိုက်ခေါင်းဆက်နည်း၊ ရေဖွင့်ရေပိတ်၊ ရေစိုလေ့ကျင့်ခန်း၊ မီးအတန်းအစားခွဲခြားခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်းများအကြောင်း၊ မီးခိုးအန္တရာယ်အကြောင်း၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ဆောင်ရွက်ရမည့်အကြောင်းအရာများ၊ မီးသတ်ဆေးဘူးများအကြောင်း၊ Foam ဆေးရည်များအကြောင်း၊ အသုံးဝင်ပုံများကို မေလ ၂၅ ရက်မှ ဇွန်လ ၅ ရက်ထိ နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ လားရှိုးခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမင်းခိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများ၊ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ခေါင်းဆောင်နှင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

(၄၀၄)

# တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ(မွမ်းမံ)သင်တန်းဆင်း



တောင်ငူ မေ ၂၆

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်သည့် တန်ဖိုးမြှင့်စားသောက်ကုန် (Bakery)ထုတ်လုပ်မှု နည်းပညာ(မွမ်းမံ) သင်တန်းဆင်းပွဲကို တောင်ငူမြို့နယ် မဟာင်ကျေးရွာအုပ်စု စံပြကျေးရွာ၌ မေလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက သင်တန်းဆင်း အမှာစကားပြောကြားပြီး တောင်ငူမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်လင်းအောင်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် တောင်ငူခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းအတွက်လိုအပ်သော ကုန်ချောပစ္စည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၁၅ ဦးအား ပေါင်မုန့်အမျိုးမျိုး၊ ကိတ်မုန့်အမျိုးမျိုး၊ ကွတ်ကီးအမျိုးမျိုး၊ ရေခဲမုန့်ပြုလုပ်နည်းစသည်တို့ကို ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် မေလ ၈ ရက်မှ ၁၄ ရက်ထိ ခုနစ်ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးပြီး မေလ ၁၇ ရက်မှ ၂၄ ရက်ထိ (မွမ်းမံ)သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သင်တန်းမှ အမှန်တကယ်ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား၊ သင်တန်းသူငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းဖိုးနှင့်ညီမျှသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

## ပေးဆပ်ခြင်းတာဝန်

- သည်မြေမှာနေ၊ သည်ရေကိုသောက်
  သည်ကောက်နှံစား၊ ငါကြီးထွားခဲ့။
- သည်မြေမှာနေ
  သည်လေကိုရှူ၊ သည်အယူဖြင့်
  သည်မူသည်ဟန်၊ ငါရင့်သန်ခဲ့။
- သည်မြေမှာနေ
  သည်ပေသည်စာ၊ လင်္ကာစကား
  သင်ကြားမွေနှောက်၊ လူလားမြောက်ခဲ့။
- သည်မြေမှာနေ
  သည်ဆွေသည်မျိုး၊ မြတ်နိုးတွယ်တာ
  မေတ္တာသက်နှင်း၊ ငါကြီးပြင်းခဲ့။
- “သည်မြေအရေး၊ ငါ့အရေးတည့်
  သည်မြေကိစ္စ၊ ငါ့ကိစ္စတည့်
  သည်မြေကြောင်းကျိုး၊ ငါ့ကြောင်းကျိုးတည့်
  သည်မြေကောင်းဆိုး၊ ငါ့ကောင်းဆိုးတည့်”
  တန်ဖိုးသိပြီ၊ အမြင်ကြည်၍
  သည်မြေမိခင်၊ ကျေးဇူးရှင်ကို
  ငါလျှင်သိတတ်၊ အကျင့်မြတ်ဖြင့်
  ပေးဆပ်တုံ့ပြန်၊ သစ္စာနှံသည်
  တာဝန်ကျေသူဖြစ်စေသော်။ ။

(ပြည်သူ့စစ်မှုထမ်းများအားဂုဏ်ပြုလျက်)

**ကျောက်ပန်းတောင်းစိုးမြင့်**

## မြဝတီရုပ်မြင်သံကြား

၂၇-၅-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၃။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် |
| ၄။ | ၁၀:၃၀ | စိုက်ပျိုးသုတ |
| ၅။ | ၁၂:၁၅ | လေးစားအတုယူစံနမူနာရဲကောင်းများ |
| ၆။ | ၁၃:၅၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ |
| ၇။ | ၁၅:၃၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၈။ | ၁၆:၅၀ | Sport Review |
| ၉။ | ၁၇:၃၀ | မွေးမြူသုတ |
| ၁၀။ | ၁၈:၂၀ | ကဏ္ဍစုံလင်ဖွံ့ဖြိုးရေးဖြည့်ဆည်းစီမံဆောင်ရွက်ပေး |
| ၁၁။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ



ဟားခါး မေ ၂၆

ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာဝုန်ဆွန်းထန်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေးက ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်ကော်မတီဝင်များနှင့်တာဝန်ရှိသူက ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးတို့က အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို ဖလမ်းမြို့သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်စဉ်။



ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများ ဖလမ်းမြို့သို့ရောက်ရှိစဉ်။





ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဖလမ်းမြို့သို့ရောက်ရှိစဉ်။





ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများ ဖလမ်းမြို့သို့ရောက်ရှိစဉ်။

**၁ ကျောဖုံးမှအဆက်**

အတူပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ အစရှိသည့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးမြို့မှလည်းကောင်း၊ မိမိအရပ်ဒေသသို့ ပြန်လည်ဝင်ရောက်နေထိုင်ကြမည့် ဒေသခံပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများကိုနေပြည်တော်မှလည်းကောင်း မေလ ၂၅ ရက်နေ့တွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ ကလေးမြို့သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သွပ်၊ သံများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများကို ယနေ့ နံနက်ပိုင်းတွင် ကလေးမြို့မှ တစ်ဆင့်မော်တော်ယာဉ်များဖြင့်ဆက်လက်ပို့ဆောင်ရာ ညနေပိုင်းတွင် ဖလမ်းမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါမော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့်ကုန်ပစ္စည်းများအားသက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရန်ကျန်ရှိသည့် မြို့များသို့လည်း ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ်မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အဆောက်အအုံသစ် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် မေ ၂၆

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အဆောက်အအုံသစ်ဆောက်လုပ်မည့်ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် ရွှေကြာပင်လမ်းနှင့် မြတ်မင်္ဂလာလမ်းထောင့်ရှိ မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် တာဝန်ယူဆောက်လုပ်မည့်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် အင်ဂျင်နီယာချုပ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆောက်လုပ်မည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အဆောက်အအုံသစ်နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက ဗဟိုပန္နက်တိုင်ကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးကံမြင့်သန်းနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် တို့က သတ်မှတ်နေရာအသီးသီးရှိပန္နက်တိုင်များကိုလည်းကောင်း မင်္ဂလာပန္နက်တော်တင်ကြပြီး မင်္ဂလာပန်းကြဲခြင်း၊ အမွှေးနံ့သာရည်များပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ကြကာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန တည်ဆောက်မည့်နေရာအား လိုက်လံကြည့်ရှုသည်။

အဆိုပါ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန နှစ်ထပ်အဆောက်အအုံသစ်အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ကျခံသုံးစွဲတည်ဆောက်ခြင်းဖြစ်ပြီး မြေကေ ၈ ဒသမ ၅ ကေ အကျယ်အဝန်းရှိကြောင်း၊ အဆောက်အအုံ၏ပထမထပ်တွင် စုစုပေါင်းအခန်း ၄၁ ခန်းနှင့် မြေညီထပ်တွင် အစည်းအဝေးများပြုလုပ်နိုင်ရန် အင်အား ၁၈၀ ခန့် ဝင်ဆံ့သည့် ခန်းမတစ်ခန်း၊ ၂၀၀ ခန့် ဝင်ဆံ့သည့် ထမင်းစားခန်း တစ်ခန်းအပါအဝင် စုစုပေါင်း ၄၂ ခန်းပါဝင်ကြောင်းနှင့် လျောဒဏ်ခံ နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

မြဝတီ

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၏ (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းစဉ်။

နေပြည်တော် မေ ၂၆

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၏ (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်ကာ သတ်မှတ်နေရာများတွင်နေရာယူကြပြီးနောက်မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက်ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ ဘာသာရပ်ဆိုင်ရာဌာနမှူးများက ဘွဲ့ယူမည့်သူများကို ဘွဲ့အပ်နှင်းပေးရန် ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုပါရဂူဘွဲ့၊ ပါရဂူဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ အထူးကြပ်မတ်သူနာပြုစုမှုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့(ဓာတ်ခွဲနည်းပညာ)၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့ (ခန္ဓာသန်စွမ်းမှုနည်းပညာ)၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာနှင့် နှလုံးရောဂါအထူးပြုသူနာပြုစုမှုဒီပလိုမာ ရရှိသူတို့အား ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၆ နိုင်ငံတကာခရီးသွားပြပွဲ ဇွန်လတွင်ကျင်းပမည်

ရန်ကုန် မေ ၂၆

ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ ၂၀၂၆ နိုင်ငံတကာခရီးသွားပြပွဲကို ၂၀၂၆ ခုနှစ် ဇွန်လ ၁၃ ရက်မှ ၁၄ရက်အထိ Sedona Hotel Yangon ၌စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်ကပြောကြားသည်။

၂၀၂၆ နိုင်ငံတကာခရီးသွားပြပွဲသည် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍကိုပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိတို့နိုင်ငံ၏ ထူးခြားလှပသော ခရီးသွားဆွဲဆောင်မှုများကို ပြည်တွင်းခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းသာမက နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ကိုင်သူခရီးသွားလုပ်ငန်းရှင်များအား ပြန်လည်မိတ်ဆက်ပြသရန်ဖြစ်သည်။

ဟိုတယ်များ၊ ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဆေးရုံများ၊ စားသောက်ကုန်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော Hospitality ကျောင်းများ၊ မြန်မာ့လက်မှုအနုပညာအမှတ်တရပစ္စည်းအရောင်းဆိုင်များ စသည့်ခရီးသွားလုပ်ငန်းဆိုင်ရာလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ဟိုတယ်များ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို မြန်မာ့ခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းနှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ Stakeholders များထံ ပါဝင်ပြသကြော်ငြာနိုင်ရန်နှင့် မိတ်ဖက်သစ်များ၊ အခွင့်အလမ်းကောင်းများရရှိစေမည်ဖြစ်သည်။

ယင်းပြပွဲတွင် ပြည်တွင်းမှ ခရီးသွားကုမ္ပဏီ ၅၀ ခန့်၊ နိုင်ငံတကာအဖွဲ့အစည်းများပါဝင်ပြသမည်ဖြစ်ပြီး မလေးရှား၊ ကိုရီးယား၊ ရုရှား ၊ ပြင်သစ်၊ စပိန်၊ စလိုဗက်ကီးယား၊ ရိုမေးနီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းရှင်များ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ၂၆-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပြည်သူ့ဘဝလုံခြုံရေးကိုအာမခံမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေသစ်

ဝေယံလူ

ယနေ့ခေတ်ကာလမှာ နည်းပညာတွေ အရှိန်အဟုန်နဲ့တိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့တစ်ဦးချင်းစီရဲ့ နေ့စဉ်လူမှုစီးပွားဘဝတွေအပြင် ကမ္ဘာကြီးတစ်ခုလုံးရဲ့ လည်ပတ်မှုစနစ်တွေအထိ အင်တာနက်နဲ့ ဒစ်ဂျစ်တယ်ကွန်ရက်တွေအပေါ်မှာ အပြည့်အဝမှီခိုနေရတဲ့အခြေအနေကို ရောက်ရှိလာနေပါတယ်။ နည်းပညာရဲ့ တိုးတက်မှုကနေ လျင်မြန်မှု၊ အဆင်ပြေလွယ်ကူမှုစတဲ့ အကျိုးကျေးဇူးကောင်းတွေ အများကြီးရရှိလာပေမယ့်လည်း တစ်ဖက်မှာတော့ မလိုလားအပ်တဲ့ နောက်ဆက်တွဲပြဿနာတွေ၊ အန္တရာယ်တွေကလည်း ဒွန်တွဲပြီးပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီအန္တရာယ်တွေထဲမှာမှ အဆိုးရွားဆုံးနဲ့ အများဆုံးကြုံတွေ့နေရတာကတော့ အွန်လိုင်းကနေတစ်ဆင့် လိမ်လည်လှည့်ဖြားတဲ့ ဆိုက်ဘာလိမ်လည်မှုတွေ(Cyber Scams)ပဲ ဖြစ်ပါတယ်။

အခုဆိုရင် ဒီလိုအွန်လိုင်းလိမ်လည်မှုတွေဟာ သာမန်ပြဿနာအဆင့်ကနေ ကျော်လွန်သွားပြီး ကမ္ဘာတစ်ဝန်းလုံးမှာ အမြန်ဆုံးကူးစက်ပြန့်ပွားနေတဲ့ ကပ်ရောဂါဆိုးကြီးတစ်ခုလိုမျိုး အလွန်ဆိုးရွားစွာ ဖြစ်ပေါ်လာနေတာကို တွေ့ရပါတယ်။ ဒီဆိုက်ဘာရာဇဝတ်ကောင်တွေဟာ ပြည်သူလူထုရဲ့ နိစ္စဓူဝပင်ပန်းဆင်းရဲစွာ ရှာဖွေစုဆောင်းထားရတဲ့ ချွေးနဲ့စာငွေကြေးတွေကို မသမာတဲ့နည်းလမ်းပေါင်းစုံနဲ့ လိမ်လည်ယူငင်နေကြရုံသာမကဘဲ ပြည်သူတွေရဲ့ အေးချမ်းတဲ့ လူမှုစီးပွားဘဝတွေနဲ့ အသက်အန္တရာယ်ကိုပါ ပြိုလဲသွားအောင် ကြီးမားစွာ ခြိမ်းခြောက်ဖျက်ဆီးလာနေပြီဖြစ်ပါတယ်။

ဒီလိုမျိုးပြည်သူတွေအနေနဲ့ အွန်လိုင်းပေါ်မှာ ငွေလိမ်ခံရပြီး နစ်နာဆုံးရှုံးနေရတဲ့ ဆိုးရွားတဲ့အခြေအနေတွေကို နိုင်ငံတော်အစိုးရအနေနဲ့ ဘယ်လိုမှလျစ်လျူရှုပြီး လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ပြည်သူတွေ ထပ်မံမနစ်နာရအောင်နဲ့ အွန်လိုင်းပေါ်မှာ လုံခြုံစိတ်ချရအောင် နိုင်ငံတကာအဆင့်မီခိုင်မာတဲ့ ကာကွယ်တားဆီးရေးယန္တရားတစ်ခုကို အချိန်နှောင့်နှေးကြန့်ကြာမှုလုံးဝမရှိစေဘဲ အမြန်ဆုံးနဲ့ အထိရောက်ဆုံးဖြစ်အောင် အထူးဦးစားပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

ဒီလိုမျိုး ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အမှန်တကယ်အလေးထားပြီး ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတဲ့ သက်သေတစ်ခုအနေနဲ့ **“အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ”** ဆိုတဲ့ ဥပဒေသစ်တစ်ခုကို မူကြမ်းရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်းကို ပြည်သူတွေကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ဖို့အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှာ နိုင်ငံပိုင်သတင်းစာတွေ၊ မီဒီယာတွေကနေ အများပြည်သူသိအောင် တရားဝင်မိတ်ဆက်ထုတ်ပြန်ပေးခဲ့ပြီပဲဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီဥပဒေထဲမှာ ဘာတွေပါဝင်သလဲဆိုတာကို ကြိုတင်ဖတ်ရှုလေ့လာပြီး အကျိုးရှိမယ့် အကြံဉာဏ်တွေနဲ့ သဘောထားမှတ်ချက်တွေကို ပြည်ထောင်စုလွှတ်တော်ရုံးဆီ တိုက်ရိုက်လိပ်မူပေးပို့နိုင်အောင် အစိုးရအနေနဲ့ အခုလိုပွင့်လင်းမြင်သာမှုရှိရှိ ကြိုတင်အသိပေးထားခြင်းဖြစ်ပါတယ်။

**တကယ်တော့ ဒီလိုအွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေကြမ်းကြီး ပေါ်ထွက်လာတာဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ပိုင်ဆိုင်မှုတွေကို ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ ရန်ကနေ အပြည့်အဝကာကွယ်ပေးနိုင်ဖို့အတွက် အများကြီးအထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ဒါဟာ ကမ္ဘာ့နိုင်ငံတွေအလယ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အင်တာနက်နဲ့ ဒစ်ဂျစ်တယ်လုံခြုံရေး စနစ် အဆင့်အတန်းဟာ ဘယ်လောက်အထိ ခိုင်မာအားကောင်းနေပြီလဲဆိုတာကို ပြသနိုင်မယ့်အလွန်ကို အရေးပါပြီး သမိုင်းဝင်လှတဲ့ ခြေလှမ်းသစ်တစ်ရပ်လို့ ဆိုရမှာပဲဖြစ်ပါတယ်။**

ဒီဥပဒေကြမ်းထဲမှာ ရေးဆွဲပြဋ္ဌာန်းထားတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို သေချာဂရုတစိုက် လေ့လာကြည့်မယ်ဆိုရင် ပြည်သူတွေအနေနဲ့ နေ့စဉ်အသုံးပြုနေတဲ့ အွန်လိုင်းငွေပေးချေမှုစနစ်တွေ၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေကို အသုံးပြုတဲ့အခါမှာ လိမ်လည်ခံရမလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေ လုံးဝမရှိတော့ဘဲ ရဲရဲဝံ့ဝံ့နဲ့စိတ်ချလက်ချအသုံးပြုနိုင်အောင်ဥပဒေအရ အခိုင်အမာအကာအကွယ် ပေးထားတာပဲ ဖြစ်ပါတယ်။

> **တကယ်တော့ ဒီလိုအွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကြီး ပေါ်ထွက်လာတာဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ပိုင်ဆိုင်မှုတွေကို ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ရန်ကနေ အပြည့်အဝကာကွယ်ပေးနိုင်ဖို့အတွက် အများကြီးအထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ဒါဟာကမ္ဘာ့နိုင်ငံတွေ အလယ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အင်တာနက်နဲ့ ဒစ်ဂျစ်တယ်လုံခြုံရေး စနစ်အဆင့်အတန်းဟာ ဘယ်လောက်အထိ ခိုင်မာအားကောင်းနေပြီလဲဆိုတာကို ပြသနိုင်မယ့် အလွန်ကိုအရေးပါပြီး သမိုင်းဝင်လှတဲ့ ခြေလှမ်းသစ်တစ်ရပ်လို့ ဆိုရမှာပဲဖြစ်ပါတယ်။**

အစိုးရအနေနဲ့ ဒီဥပဒေကို အကောင်အထည်ဖော်တဲ့နေရာမှာ ပြစ်မှုကျူးလွန်တဲ့လိမ်လည်သူတွေကို ပြင်းပြင်းထန်ထန် ထိရောက်စွာအရေးယူရုံနဲ့ ရပ်တန့်နေမှာမဟုတ်ပါဘူး။ ပြည်သူတွေလိမ်လည်လှည့်ဖြားမှုထပ်မခံရစေဖို့အတွက် ဘယ်လိုအရာတွေကို သတိထားရမယ်ဆိုတဲ့ ကြိုတင်ကာကွယ်ရေး အသိပညာပေးအစီအစဉ်တွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် နည်းပညာပိုင်းဆိုင်ရာမှာလည်း လိမ်လည်သူတွေ ဝင်ရောက်မလာနိုင်အောင် အစိုးရကိုယ်တိုင်က အနီးကပ်ကြီးကြပ်ပြီး တားဆီးပိတ်ဆို့မှုတွေ လုပ်ဆောင်သွားမယ့် အစီအမံကောင်းတွေအများကြီး ပါဝင်နေတဲ့အတွက် ဒီဥပဒေသစ်ကြီးဟာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အပြည့်အဝကာကွယ်ပေးမယ့် တကယ့်ကိုစစ်မှန်တဲ့ **“ဒစ်ဂျစ်တယ်အမိုးအကာ”** တစ်ခု အသေအချာကို ဖြစ်လာတော့မှာပဲဖြစ်ပါတယ်။

ဥပဒေဆိုတာ ပြစ်မှုဖြစ်မှအရေးယူဖို့ထက် ကြိုတင်ကာကွယ်ဖို့က ပိုအရေးကြီးတဲ့အတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းရဲ့အခန်း(၇)မှာ ပြည်သူတွေရဲ့ ငွေကြေးတွေကို ဆိုက်ဘာရာဇဝတ်ကောင်တွေ မခိုးယူနိုင်အောင် ခိုင်မာတဲ့ကြိုတင်ကာကွယ်ရေး အစီအမံတွေ အထူးထည့်သွင်းထားပါတယ်။ ဥပမာအားဖြင့် Mobile Pay အကောင့်ဖွင့်ရာတွင် မှတ်ပုံတင်မူရင်းနဲ့ တိတိကျကျ စစ်ဆေးစေတာ၊ သံသယဖြစ်ဖွယ် ငွေလွှဲမှုတွေကို ဘဏ်တွေကနေ ဗဟိုဌာနဆီကို ချက်ချင်းသတင်းပို့စေတာမျိုးတွေ လုပ်ဆောင်စေမှာပါ။ အဓိကအားဖြင့် လိမ်လည်သူတွေ လက်နက်သဖွယ်သုံးလေ့ရှိတဲ့ တရားမဝင်ဆင်းကတ်၊ ဆင်းဘောက်စ် (SIM Box) တွေနဲ့ အကောင့်တုတွေကို စနစ်တကျပြတ်ပြတ်သားသားပိတ်ဆို့သွားမှာဖြစ်လို့ ရာဇဝတ်ကောင်တွေအနေနဲ့ ခြေရာဖျောက်ဖို့ အလွန်ခက်ခဲသွားမှာပဲဖြစ်ပါတယ်။

ဒါဟာပြည်သူတွေနေ့စဉ်အသုံးပြုနေတဲ့ နိုင်ငံရဲ့ အွန်လိုင်းစနစ်တစ်ခုလုံးကို အညစ်အကြေးကင်းစင်ပြီး သန့်စင်သွားအောင်လုပ်ဆောင်ပေးမယ့် နိုင်ငံတော်အကြီးအကဲရဲ့ ကြီးမားကျယ်ပြန့်လှတဲ့ အမြော်အမြင်နဲ့ ပြည်သူ့အပေါ်ထားရှိတဲ့ စေတနာကို အထင်အရှားတွေ့မြင်ရခြင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုရဲ့ ချွေးနဲ့စာတွေ မဆုံးရှုံးစေဖို့အတွက် စောင့်ကြည့်တားဆီးခြင်းအပိုင်းမှာလည်း နိုင်ငံတော်ဗဟိုဘဏ်လုပ်ငန်းတွေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေကို ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာ ချိတ်ဆက်ပူးပေါင်းစေခဲ့ပါတယ်။ ဒီလိုအချိတ်အဆက်မိမိနဲ့ ပူးပေါင်းဆောင်ရွက်စေတဲ့အတွက်ကြောင့် မသင်္ကာစရာ၊ သံသယဖြစ်ဖွယ်ကောင်းတဲ့ ငွေကြေးစီးဆင်းမှုတွေအပြင် ပြည်သူတွေကို လှည့်ဖြားလိမ်လည်နေတဲ့ ဖုန်းခေါ်ဆိုမှုတွေနဲ့ စာတို(SMS)တွေ ပေးပို့တာတွေကိုပါ လမ်းခုလတ်မှာတင် စနစ်တကျအချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်ပြီး ထိထိရောက်ရောက် တားဆီးဟန့်တားပေးသွားတော့မှာဖြစ်ပါတယ်။

> **သာမန်အားဖြင့် ရာဇဝတ်ကောင်လိမ်လည်သူတွေရဲ့ထုံးစံက ပြည်သူတွေဆီကနေ လိမ်လည်လို့ရလိုက်တဲ့ ငွေကြေးတွေကိုအကောင့်တစ်ခုကနေ နောက်ထပ်အကောင့်တစ်ခုဆီကို စက္ကန့်ပိုင်းအတွင်း အဆင့်ဆင့်လွှဲပြောင်းပြီး ခြေရာဖျောက်တတ်ကြပါတယ်။ ဒါပေမဲ့ အခုလိုမျိုးသက်ဆိုင်ရာဌာနပေါင်းစုံက ဗဟိုဒေတာစနစ်ကနေတစ်ဆင့် လျှပ်စီးလက်သလို အလွန်မြန်ဆန်သွက်လက်တဲ့ အချိတ်အဆက်တွေနဲ့ အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လုပ်ဆောင်လိုက်တဲ့အတွက်ကြောင့် လိမ်လည်သူတွေအနေနဲ့ ငွေကြေးတွေကို သူတို့လိုသလို ဆက်လက်လွှဲပြောင်းခွင့်လုံးဝမရနိုင်တော့ဘဲ လမ်းခုလတ်မှာတင် ချက်ချင်းဖြတ်တောက်ဟန့်တားပစ်နိုင်မယ့် အားထားလောက်စရာ ကာကွယ်ရေးလုပ်ငန်းစဉ်ကြီးတစ်ခုကို နိုင်ငံတော်အစိုးရက ပြည်သူ့အတွက်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။**

ဆိုက်ဘာလိမ်လည်မှုတွေကို အမြစ်ပြတ်တိုက်ဖျက်နှိမ်နင်းရာမှာ အရင်ကတည်းက ကျွန်တော်တို့အတွက် အဓိကအဟန့်အတားကြီးတစ်ခုဖြစ်နေခဲ့တာကတော့ သက်ဆိုင်ရာ အစိုးရဌာနတွေနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေအကြားမှာ သတင်းအချက်အလက်စီးဆင်းမှုနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေနှောင့်နှေးကြန့်ကြာနေတာပဲဖြစ်ပါတယ်။ အခုအသစ်ရေးဆွဲထားတဲ့ ဥပဒေကြမ်းရဲ့ အခန်း (၈) “သတင်းအချက်အလက်ဖလှယ်ခြင်း” ကဏ္ဍဟာဆိုရင် အဲဒီလိုယခင်ကရှိခဲ့တဲ့ဟာကွက် အားနည်းချက်တွေအားလုံးကို အလုံးစုံချေဖျက်ပေးလိုက်မယ့် အရေးကြီးဆုံးအခန်းတစ်ခန်းဖြစ်လာမှာပါ။

လက်တွေ့မြေပြင်မှာဆိုရင် လိမ်လည်သူဆိုက်ဘာရာဇဝတ်ကောင်တွေဟာ သူတို့ရဲ့ ကွန်ရက်တွေကို စက္ကန့်နဲ့အမျှ အမြဲတမ်းပြောင်းလဲလှည့်စားပြီး ပြစ်မှုတွေကိုလျင်လျင်မြန်မြန် ကျူးလွန်နေကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအခြေအနေမျိုးမှာ အစိုးရဌာနတွေ၊ ဘဏ်နဲ့ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းတွေ၊ အီလက်ထရွန်နစ်ငွေပေးချေမှုဝန်ဆောင်မှုပေးသူတွေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေ၊ အင်တာနက်ဝန်ဆောင်မှုပေးသူတွေ အားလုံးကြားမှာ သံသယဖြစ်ဖွယ်အကောင့်တွေနဲ့ ငွေကြေးစီးဆင်းမှုသတင်းအချက်အလက်တွေကို ဗဟိုဒေတာစနစ်(Centralized Database)ကနေ တစ်ဆင့် လျှပ်စီးလက်သလို မြန်မြန်ဆန်ဆန် ချိတ်ဆက်ဖလှယ်နိုင်ခြင်းဟာ ဒီတိုက်ပွဲကို အောင်ပွဲခံနိုင်ရေးအတွက် အဓိကအကျဆုံး သော့ချက်ပဲဖြစ်ပါတယ်။

အွန်လိုင်းလိမ်လည်မှုတစ်ခုဖြစ်ပွားပြီဆိုတာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ ပြည်သူတွေရဲ့အဖိုးတန်လှတဲ့ငွေကြေးတွေ ဆက်လက်မဆုံးရှုံးရအောင် အရေးပေါ်ကာကွယ်ပေးမယ့်စနစ်တစ်ခုကို ဒီဥပဒေမှာ ခိုင်ခိုင်မာမာ ပြဋ္ဌာန်းထားပါတယ်။ အရင်ကလိုမျိုး

စာမျက်နှာ ၁၃ သို့

❒ **စာမျက်နှာ ၁၂ မှအဆက်**

ဌာနတစ်ခုနဲ့တစ်ခုကြားမှာ အချိန်ဆွဲကြန့်ကြာနေတာမျိုးလုံးဝမရှိစေတော့ဘဲ ပြစ်မှုဖြစ်ပွားတာကို သိသိချင်းမှာပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ဗဟိုဘဏ်၊ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေအားလုံးဟာ အချိတ်အဆက်မိမိ အတူတကွပူးပေါင်းပြီး သတင်းအချက်အလက်တွေကို “အနီရောင်အဆင့်အရေးပေါ်စနစ်” (Red Alert)သဖွယ် အထူးသတ်မှတ်ကာ အပြန်အလှန် လျင်လျင်မြန်မြန် ချိတ်ဆက်ဖလှယ်ကြမှာဖြစ်ပါတယ်။

**သာမန်အားဖြင့် ရာဇဝတ်ကောင်လိမ်လည်သူတွေရဲ့ထုံးစံက ပြည်သူတွေဆီကနေ လိမ်လည်လို့ရလိုက်တဲ့ ငွေကြေးတွေကို အကောင့်တစ်ခုကနေ နောက်ထပ်အကောင့်တစ်ခုဆီကို စက္ကန့်ပိုင်းအတွင်း အဆင့်ဆင့်လွှဲပြောင်းပြီး ခြေရာဖျောက်တတ်ကြပါတယ်။ ဒါပေမဲ့ အခုလိုမျိုး သက်ဆိုင်ရာဌာနပေါင်းစုံက ဗဟိုဒေတာစနစ်ကနေ တစ်ဆင့် လျှပ်စီးလက်သလို အလွန်မြန်ဆန်သွက်လက်တဲ့ အချိတ်အဆက်တွေနဲ့ အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လုပ်ဆောင်လိုက်တဲ့အတွက်ကြောင့် လိမ်လည်သူတွေအနေနဲ့ ငွေကြေးတွေကို သူတို့လိုသလို ဆက်လက်လွှဲပြောင်းခွင့် လုံးဝမရနိုင်တော့ဘဲ လမ်းခုလတ်မှာတင် ချက်ချင်းဖြတ်တောက်ဟန့်တားပစ်နိုင်မယ့် အားထားလောက်စရာ ကာကွယ်ရေးလုပ်ငန်းစဉ်ကြီးတစ်ခုကို နိုင်ငံတော်အစိုးရက ပြည်သူ့အတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။** ပိုပြီးအရေးကြီးတဲ့ အချက်ကတော့ ဒီအခန်းမှာပါဝင်တဲ့ သတင်းအချက်အလက်ဖလှယ်ခြင်းလုပ်ငန်းစဉ်တွေဟာ ပြည်တွင်းမှာတင်ရပ်တန့်နေမှာမဟုတ်ပါဘူး။ နိုင်ငံတကာရဲတပ်ဖွဲ့တွေ၊ ဒေသတွင်းဆိုက်ဘာလုံခြုံရေးဗဟိုဌာနတွေနဲ့ပါ အချိန်နဲ့တစ်ပြေးညီ လျင်လျင်မြန်မြန် ချိတ်ဆက်သတင်းဖလှယ်နိုင်ဖို့အတွက်ခိုင်မာတဲ့လမ်းကြောင်းတွေ ဖွင့်လှစ်ပေးထားပါတယ်။

ဒီဥပဒေကြမ်းရဲ့ အသက်သွေးကြောလို့တင်စားခေါ်ဝေါ်ရမယ့် အခန်း (၉) “ငွေကြေးစီးဆင်းမှုကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း” ကဏ္ဍမှာဆိုရင် ပြည်သူတွေအတွက် အလွန်အားရကျေနပ်စရာကောင်းတဲ့အချက်တွေကို ထည့်သွင်းပြဋ္ဌာန်းပေးထားပါတယ်။ အရင်ကဆိုရင် ငွေလိမ်ခံရပြီဆိုတာနဲ့ တရားရုံးလုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို အချိန်ကုန်ခံစောင့်ဆိုင်းနေရတဲ့အတွက် ပြည်သူတွေရဲ့ ငွေကြေးတွေဟာ လိမ်လည်သူတွေလက်ထဲကို အလွယ်တကူရောက်ရှိသွားလေ့ရှိပါတယ်။ ဒါပေမဲ့ ယခုဥပဒေသစ်မှာတော့ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရကြောင်း တိုင်ကြားချက်ရရှိတာနဲ့ဖြစ်စေ၊ ဒါမှမဟုတ် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုတွေကို ဘဏ်တွေကစိစစ်တွေ့ရှိတာနဲ့ဖြစ်စေ ရှုပ်ထွေးတဲ့လုပ်ထုံးလုပ်နည်းတွေအတိုင်း စောင့်ဆိုင်းနေစရာလုံးဝမလိုတော့ဘဲ သက်ဆိုင်ရာဘဏ်နဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေက အဆိုပါငွေစာရင်းအမှတ်ကို ၇၂ နာရီအထိ ချက်ချင်းယာယီဆိုင်းငံ့ပိတ်သိမ်းပစ်နိုင်တဲ့ အာဏာကို ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာအပ်နှင်းပေးလိုက်ပြီပဲဖြစ်ပါတယ်။

ဒါ့အပြင် ကိုယ်တိုင်ငွေလိမ်လည်တာမဟုတ်ပေမယ့် လိမ်လည်သူတွေငွေကြေးခဝါချနိုင်အောင် မိမိတို့ရဲ့ ဘဏ်အကောင့်နဲ့ ကတ်တွေကို အခကြေးငွေယူပြီး လွှဲပြောင်းရောင်းချပေးနေကြတဲ့ ကြားခံပွဲစားတွေ (Money Mules) ကိုပါ ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် အရေးယူအပြစ်ပေးသွားမယ့် ပြဋ္ဌာန်းချက်တွေလည်း ပါဝင်လာပါတယ်။ နိုင်ငံတော်အစိုးရရဲ့ အကြီးမားဆုံးသော မျှော်မှန်းချက်က ပြစ်မှုကျူးလွန်သူတွေကို လိုက်လံဖမ်းဆီးအရေးယူဖို့ သက်သက်သာမဟုတ်ဘဲ အခုလိုချက်ချင်းယာယီဆိုင်းငံ့ထိန်းချုပ်ထားနိုင်တဲ့ ငွေကြေးတွေကို နစ်နာသူပြည်သူလူထုရဲ့ လက်ဝယ်ဆီသို့ အမြန်ဆုံးနဲ့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်မယ့် ဥပဒေမူဘောင်တွေကိုပါ အသေးစိတ်ပြီးပြည့်စုံစွာ ထည့်သွင်းစဉ်းစားရေးဆွဲပေးထားတာပဲဖြစ်ပါတယ်။

**ပြည်ပနိုင်ငံတွေ၊ နိုင်ငံတကာရဲတပ်ဖွဲ့တွေ၊ နည်းပညာအဖွဲ့အစည်းတွေနဲ့ သတင်းအချက်အလက်တွေ အပြန်အလှန်ဖလှယ်ပြီး ပြစ်မှုကျူးလွန်သူတွေကို လွှဲပြောင်းရယူတာ၊ ပူးတွဲစုံစမ်းစစ်ဆေးတာတွေလုပ်ဆောင်ကာ ဂိုဏ်းဖွဲ့ လိမ်လည်နေသူတွေကို အမြစ်ပြတ်ချေမှုန်းသွားမယ်ဆိုတဲ့ အစိုးရရဲ့ပြတ်သားတဲ့ သန္နိဋ္ဌာန်ကို ကမ္ဘာသိအောင်ကြေညာလိုက်တာဖြစ်ပါတယ်။ ဒီလိုမျိုးနိုင်ငံတကာ အသိုင်းအဝိုင်းနဲ့အတူ ဟန်ချက်ညီညီ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်း အားဖြင့် မြန်မာနိုင်ငံဟာ တာဝန်သိစိတ်အပြည့်ရှိတဲ့ တက်ကြွလှုပ်ရှားသော အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် အခိုင်အမာရပ်တည်နေကြောင်း သက်သေပြလိုက်တာပဲ ဖြစ်ပါတယ်။**

ဆိုက်ဘာရာဇဝတ်မှုတွေဆိုတာ နိုင်ငံတစ်ခုတည်းရဲ့ နယ်နိမိတ်ထဲမှာတင် ဖြစ်ပွားလေ့ရှိတာမဟုတ်ဘဲ နယ်စပ်ဖြတ်ကျော်ပြီး ကျူးလွန်တတ်ကြတဲ့ ပြစ်မှုကြီးတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဆန်းပြားတဲ့မှုခင်းတွေကို နိုင်ငံတစ်နိုင်ငံတည်းရဲ့ ကိုယ်ပိုင်အင်အားနဲ့သာ တိုက်ဖျက်နှိမ်နင်းဖို့ဆိုတာ ဘယ်လိုမှမလွယ်ကူနိုင်ဘူးဆိုတာကို နိုင်ငံတော်အစိုးရက အမြော်အမြင်ကြီးမားစွာနဲ့ ကြိုတင်ရှုမြင်သုံးသပ်ထားပါတယ်။ ဒါကြောင့်လည်း ဒီဥပဒေကြမ်းရဲ့ အခန်း (၁၀) မှာဆိုရင် နိုင်ငံတကာစံနှုန်းတွေနဲ့အညီ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့စတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ့်အချက်တွေကို ဟန်ချက်ညီညီ ပေါင်းစပ်ရေးဆွဲထားတာဖြစ်ပါတယ်။

**ပြည်ပနိုင်ငံတွေ၊ နိုင်ငံတကာရဲတပ်ဖွဲ့တွေ၊ နည်းပညာအဖွဲ့အစည်းတွေနဲ့ သတင်းအချက်အလက်တွေ အပြန်အလှန်ဖလှယ်ပြီး ပြစ်မှုကျူးလွန်သူတွေကို လွှဲပြောင်းရယူတာ၊ ပူးတွဲစုံစမ်းစစ်ဆေးတာတွေလုပ်ဆောင်ကာ ဂိုဏ်းဖွဲ့လိမ်လည်နေသူတွေကို အမြစ်ပြတ်ချေမှုန်းသွားမယ်ဆိုတဲ့ အစိုးရရဲ့ ပြတ်သားတဲ့ သန္နိဋ္ဌာန်ကို ကမ္ဘာသိအောင်ကြေညာလိုက်တာဖြစ်ပါတယ်။ ဒီလိုမျိုးနိုင်ငံတကာအသိုင်းအဝိုင်းနဲ့အတူ ဟန်ချက်ညီညီ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံဟာ တာဝန်သိစိတ်အပြည့်ရှိတဲ့ တက်ကြွလှုပ်ရှားသော အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် အခိုင်အမာရပ်တည်နေကြောင်း သက်သေပြလိုက်တာပဲဖြစ်ပါတယ်။**

ဒီဥပဒေကြမ်းရဲ့ အခန်း(၁၁) “တားမြစ်ချက်များ” အပိုင်းကို လေ့လာကြည့်မယ်ဆိုရင် ပြည်သူတွေရဲ့ လုံခြုံရေးအတွက် အလွန်အရေးပါတဲ့ တားမြစ်ချက်တွေကို တိတိကျကျ ထည့်သွင်းပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အဓိကအားဖြင့် အွန်လိုင်းလိမ်လည်သူတွေ အမြဲတမ်းအသုံးပြုလေ့ရှိတဲ့ ဆင်းဘောက်စ်(SIM Box)တွေ၊ သတ်မှတ်ချက်နဲ့ မကိုက်ညီတဲ့ ဂြိုဟ်တုဆက်သွယ်ရေးကိရိယာတွေနဲ့ တရားမဝင်ဆော့ဖ်ဝဲလ်နည်းပညာတွေကို ခွင့်ပြုတာ၊ လက်ဝယ်ထားရှိတာနဲ့ အသုံးပြုတာတွေကို လုံးဝ ပြတ်ပြတ်သားသား တားမြစ်ပိတ်ပင်ထားပါတယ်။

ဒါ့အပြင် ပြည်သူတွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို အလွဲသုံးစားမလုပ်နိုင်အောင်အခြားသူတစ်ယောက်ရဲ့ နာမည်၊ မှတ်ပုံတင်အချက်အလက်တွေကိုသုံးပြီး ဆင်းကတ်ဝယ်ယူတာတွေ၊ ဘဏ်အကောင့်တွေနဲ့ ဒစ်ဂျစ်တယ်ပိုက်ဆံအိတ် (Digital Wallets) တွေ ဖွင့်လှစ်တာကိုလည်း အခိုင်အမာတားမြစ်ထားပါတယ်။ ဒီလိုတင်းကျပ်လိုက်တဲ့ တားမြစ်ချက်တွေဟာ လိမ်လည်သူတွေရဲ့ နောက်ကွယ်ကနေ အဓိကကြိုးကိုင်လှုပ်ရှားနေကြတဲ့ အကောင့်ပွဲစားတွေနဲ့ ဆင်းကတ်မှောင်ခိုသမားတွေရဲ့ လမ်းကြောင်းတွေကို အသေအချာပိတ်ဆို့လိုက်တာဖြစ်ပြီး ပြည်သူတွေရဲ့အချက်အလက်လုံခြုံရေးကို အပြည့်အဝကာကွယ်ပေးလိုက်တာပဲဖြစ်ပါတယ်။

**နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးမားစွာ ဦးဆောင်လမ်းညွှန်မှုကြောင့် ပေါ်ပေါက်လာမယ့် “အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ” ဟာ ပြည်သူလူထုတစ်ရပ်လုံးကို ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ အန္တရာယ်ဆိုးကြီးကနေ ရေရှည်စိတ်ချယုံကြည်စွာ ကာကွယ်ပေးသွားမယ့် အလွန်ခိုင်မာအားကောင်းတဲ့ ဥပဒေအကာအကွယ်ကြီးတစ်ခုဖြစ်လာတော့မယ်ဆိုတာ အသေအချာပါပဲ။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ဒီဥပဒေကြမ်းမှာပါဝင်တဲ့ အနှစ်သာရတွေကို ပိုမိုလွယ်ကူစွာသိရှိနားလည်နိုင်စေရန်နဲ့ လိုအပ်တဲ့အပြုသဘောဆောင်သော အကြံပြုချက်များရှိလာခဲ့ပါက ပြည်ထောင်စုလွှတ်တော်ရုံးထံသို့ တိုက်ရိုက်လိပ်မူပေးပို့နိုင်တဲ့အကြောင်း နိုင်ငံ့အကျိုးနဲ့ ပြည်သူ့အကျိုးကို ရှေးရှုလျက် . . .**

ပိုပြီးပြည့်စုံတဲ့ ကာကွယ်မှုအနေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေ၊ ဘဏ်နဲ့ငွေကြေးအဖွဲ့အစည်းတွေ၊ အင်တာနက်ဝန်ဆောင်မှုပေးသူတွေ လိုက်နာရမယ့် တာဝန်ဝတ္တရားတွေကို ပြဋ္ဌာန်းထားတဲ့အပြင် လူတစ်ဦးကို မတရားသွေးဆောင်ခေါ်ဆောင်တာ၊ လုပ်အားခေါင်းပုံဖြတ်ပြီး အတင်းအဓမ္မခိုင်းစေတာတွေနဲ့ လူကုန်ကူးမှုနဲ့ပတ်သက်နေတဲ့ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နေတာတွေကိုပါ ပြင်းပြင်းထန်ထန် တားမြစ်ထားပါတယ်။ အထူးသဖြင့် ဒီနေ့ခေတ်မှာ ခေတ်စားနေတဲ့ ဒစ်ဂျစ်တယ်ငွေကြေးလိမ်လည်မှု (Crypto Scam) တွေကိုပါ ဘယ်သူမှကျူးလွန်ခြင်းမပြုရဆိုပြီး ဥပဒေလမ်းကြောင်းအရ အတိအလင်းကြိုတင်ထည့်သွင်းပြဋ္ဌာန်းထားတာကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးမားပုံကို ထင်ရှားစွာတွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းရဲ့ အခန်း (၁၂) မှာ ပြစ်မှုကျူးလွန်သူတွေကို ထိထိရောက်ရောက်အရေးယူနိုင်ဖို့ ပြစ်မှုနဲ့ ပြစ်ဒဏ်တွေကို တိတိကျကျရေးဆွဲပြဋ္ဌာန်းထားသလို အခန်း (၁၃) အထွေထွေအပိုင်းမှာဆိုရင်လည်း ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ရှေ့တန်းကနေ မားမားမတ်မတ်ရပ်တည်လုပ်ဆောင်ပေးနေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပုဂ္ဂလိကဝန်ထမ်းတွေကို ဥပဒေအရအပြည့်အဝကာကွယ်ပေးထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ပြစ်မှုတစ်ခုခုကို သံသယရှိလို့ဖြစ်စေ၊ တိုင်ကြားချက်အရဖြစ်စေ လိမ်လည်သူရဲ့ ဘဏ်ငွေစာရင်းအမှတ်ကို ယာယီဆိုင်းငံ့ပိတ်သိမ်းပေးခဲ့တဲ့ ဘဏ်နဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းကတာဝန်ရှိသူတွေကို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဘယ်တရားရုံးမှာမှ တရားစွဲဆိုခြင်းမခံရအောင်ဥပဒေနဲ့ အခိုင်အမာအကာအကွယ်ပေးထားတာဟာ အလွန်ပဲအားရကျေနပ်စရာကောင်းပါတယ်။

**နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးမားစွာ ဦးဆောင်လမ်းညွှန်မှုကြောင့် ပေါ်ပေါက်လာမယ့် “အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ” ဟာ ပြည်သူလူထုတစ်ရပ်လုံးကို ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ အန္တရာယ်ဆိုးကြီးကနေ ရေရှည်စိတ်ချယုံကြည်စွာ ကာကွယ်ပေးသွားမယ့် အလွန်ခိုင်မာအားကောင်းတဲ့ ဥပဒေအကာအကွယ်ကြီးတစ်ခုဖြစ်လာတော့မယ်ဆိုတာ အသေအချာပါပဲ။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ဒီဥပဒေကြမ်းမှာပါဝင်တဲ့ အနှစ်သာရတွေကို ပိုမိုလွယ်ကူစွာ သိရှိနားလည်နိုင်စေရန်နဲ့ လိုအပ်တဲ့အပြုသဘောဆောင်သော အကြံပြုချက်များရှိလာခဲ့ပါက ပြည်ထောင်စုလွှတ်တော်ရုံးထံသို့ တိုက်ရိုက်လိပ်မူပေးပို့နိုင်တဲ့အကြောင်း နိုင်ငံ့အကျိုးနဲ့ ပြည်သူ့အကျိုးကိုရှေးရှုလျက် လေးစားစွာဖြင့် တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။ ။**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ်(၄၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၃၅/၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၇၄၁၆၀ | အစား | ကြည်း ၆၉၄၇၀ |
| ဗိုလ်ကြီးရဲကိုမြင့် | | ဗိုလ်ကြီးအောင်မျိုးသူ |

**(ပုံ) သန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အထက်တန်းရှေ့နေသို့ထုတ်ပေးသည့် တာဝန်ခံလက်မှတ်ပေးအပ်သည့် အခမ်းအနားကျင်းပ



**နေပြည်တော် မေ ၂၆**

အထက်တန်းရှေ့နေသို့ထုတ်ပေးသည့် တာဝန်ခံလက်မှတ်ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၂)၌ ကျင်းပရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်နှင့်ဒေါ်ပြုံးပြုံးအေး၊ အလုပ်သင်ရှေ့နေ ၁၁၃ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်က အမှာစကားပြောကြားကာ တက်ရောက်လာသည့် အလုပ်သင်ရှေ့နေ ၁၁၃ ဦးတို့ကို အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်များပေးအပ်ပြီး လက်မှတ်ရရှိသူများက ကတိသစ္စာပြုကြသည်။

လက်မှတ်လက်ခံရယူမည့်သူများကို ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးက **“ရှေ့နေကျင့်ဝတ်သိက္ခာနှင့် AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်း”** ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ Solar စွမ်းအင်တပ်ဆင်အသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် အရောင်းပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်



**နေပြည်တော် မေ ၂၆**

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ၌ Solar စွမ်းအင်တပ်ဆင်အသုံးပြုနိုင်ရေး အသိပညာပေး ဆွေးနွေးပွဲနှင့် အရောင်းပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်)မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ Solar ကုမ္ပဏီများနှင့်ဘဏ်များမှ ကိုယ်စားလှယ်များနှင့် ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Solar စနစ်ကို အသုံးပြုခြင်းအားဖြင့် ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများသည် မိမိတို့၏ စွမ်းအင်အသုံးစရိတ်များကို ရေရှည်တွင် လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ စွမ်းအင်လုံလောက်မှုကိုလည်း တိုးတက်စေနိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် Green Tourism ဖော်ဆောင်ရာတွင်လည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေစွမ်းအင်ကုမ္ပဏီက နေရောင်ခြည်သုံး Solar စွမ်းအင်တပ်ဆင်အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ့ခရီးသွားဘဏ်က Solar စွမ်းအင်တပ်ဆင်အသုံးပြုနိုင်ရေး ချေးငွေ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက Solar စွမ်းအင်တပ်ဆင်အသုံးပြုနိုင်ရေး ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# (၂၆-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၇ ~ ၃၆၆၆.၂ | ၅၅၇.၈ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၆၀၆,၆၅၂.၇၂ | ၄,၈၂၉,၇၆၀.၀၀ | ၉၉,၇၃၇,၈၀၈.၅၆ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“မားပြတိုက်၊ ဆက်ကြေးကောက်၊ အလျှုခံအလုပ်နဲ့ပဲ ဇာတ်သိမ်းတော့မည့် ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာ တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ၂၇-၅-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၃-၆-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာရော အကြမ်းဖက်အုပ်စုတွေလက်အောက်က ကလေးငယ်များ ပညာသင်ကြားခွင့်ရမည်လား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

★ စာမျက်နှာ ၁၇ မှအဆက်

တောင်သူအချို့ရှိခဲ့သဖြင့် နိုင်ငံတော်အနေဖြင့် ရရန်ကြွေးကျန်ဘီလီယံချီရှိသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ချေးငွေများနှင့်ပတ်သက်၍ ချေးငွေများကို အပြည့်အဝပြန်လည်ရရှိရေးနှင့်ကြွေးကျန်များမရှိရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

**ချင်းပြည်နယ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့် အများပြည်သူနှင့် သက်ဆိုင်သည့်အဆောက်အဦများအား ပြန်လည်ထူထောင်ရေး**

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ချင်းပြည်နယ်အတွင်း၌ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများ၊ ဘာသာရေးအဆောက်အအုံများအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မိမိတို့အနေဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ဆေးရုံများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူများနှင့် သက်ဆိုင်သည့် ဈေးနှင့်အခြားရုံးဌာနအဆောက်အဦများကိုလည်း ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်မှလည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားရန် တိုက်တွန်းလိုကြောင်း။

**အားကစားကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်**

အားကစားနှင့်ပတ်သက်၍ နိုင်ငံတော်၏စိတ်ခွန်အားကို အားကစားဖြင့်ဖော်ပြနေပြီး ဒေသတွင်းအားကစားပြိုင်ပွဲများ၌ပင် ထိုက်သင့်သည့်အောင်မြင်မှုများရရှိနိုင်ရန် လိုအပ်နေဆဲဖြစ်သည်ကို မြင်တွေ့ရကြောင်း၊ အရည်အသွေးမြင့်မားပြီး စိတ်ဓာတ်ကောင်းမွန်သည့် အားကစားသမားများကို ရွေးချယ်ယှဉ်ပြိုင်နိုင်ရန်လိုကြောင်း၊ အားကစားတွင် အောင်မြင်မှုရရှိစေရေး အားကစားအဖွဲ့ချုပ်များမှအစ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ အားကစားကွင်းများ စနစ်တကျဖြစ်စေရေးနှင့် အဆင့်မီမီဖြစ်စေရေး နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နည်းစနစ်ကျစွာ၊ ကျန်းမာကြံ့ခိုင်မှုရှိစွာဖြင့် ယှဉ်ပြိုင်နိုင်စေရေးအတွက်လည်း နည်းစနစ်ပိုင်းဆိုင်ရာနည်းပြများ၊ ကြံ့ခိုင်ရေးနည်းပြများဖြင့် လေ့ကျင့်နိုင်ရန်လိုကြောင်း၊ အရည်အသွေးရှိပြီး Talent ရှိသည့် အားကစားသမားများပေါ်ထွက်လာစေရေး သက်ဆိုင်ရာအားကစားနည်းအလိုက် အားကစားသမားများအား ငယ်စဉ်ကတည်းကပင် စနစ်တကျရွေးချယ်၍ပြုစုပျိုးထောင်ပေးသွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတော်၏ အလံတော်ကိုတိုင်ထိပ်၌ လွှင့်တင်ဂုဏ်ပြုခံရသည့် အားကစားသမားများပေါ်ထွန်းလာစေရေး စနစ်တကျပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ အားကစားပွဲတော်များ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားကဏ္ဍကောင်းမွန်တိုးတက်လာမည်ဆိုပါက တိုင်းချစ်ပြည်ချစ်စိတ်များလည်း မြင့်မားတိုးတက်လာစေမည်ဖြစ်ကြောင်း၊ **အားကစားကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်ပြီး တစ်နည်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်ခြင်းပင်ဖြစ်ကြောင်းနှင့် အားကစားကဏ္ဍမြှင့်တင်ရေးဆောင်ရွက်သွားကြရန်လို**ကြောင်းဖြင့် မှာကြားခဲ့ပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**❖ အွန်လိုင်းလောင်းကစားမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြေပြင်ကွင်းဆင်းပြီး အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်သွားရန် လိုအပ် . . .**

**❖ စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးကိရိယာချေးငွေများနှင့်စပ်လျဉ်း၍ ကြွေးမဆပ်သည့်တောင်သူအချို့ရှိခဲ့သဖြင့် နိုင်ငံတော်အနေဖြင့် ရရန်ကြွေးကျန်ဘီလီယံချီရှိသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ချေးငွေများနှင့်ပတ်သက်၍ ချေးငွေများကိုအပြည့်အဝပြန်လည်ရရှိရေးနှင့်ကြွေးကျန်များမရှိရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက် . . .**

**❖ ချင်းပြည်နယ်အတွင်း၌ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများ၊ ဘာသာရေးအဆောက်အအုံများအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိပြီး ဆေးရုံများနှင့်စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ပြုပြင်ပေးသွားမည် . . .**

**❖ အရည်အသွေးမြင့်မားပြီး စိတ်ဓာတ်ကောင်းမွန်သည့် အားကစားသမားများကို ရွေးချယ်ယှဉ်ပြိုင်နိုင်ရန်လို၊ အားကစားတွင်အောင်မြင်မှုရရှိစေရေး အားကစားအဖွဲ့ချုပ်များမှအစ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကိုဆောင်ရွက်သွားနိုင်ရန်လို၊ အားကစားကွင်းများ စနစ်တကျဖြစ်စေရေးနှင့် အဆင့်မီမီဖြစ်စေရေး နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ . . .**

# အမရပူရမြို့နယ်၌ Rotary ပြန်လည်ထူထောင်ရေးမှလှူဒါန်းသည့် စာသင်ဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

မန္တလေး မေ ၂၆

အမရပူရခရိုင် အမရပူရမြို့နယ် ကြည့်မြင်တိုင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့သည့်စာသင်ဆောင်ကို Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းမှ အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့ပြီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်တာဝန်ရှိသူများက စာသင်ဆောင်အသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စာသင်ဆောင်အသစ်ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အခမ်းအနားကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး Rotary ၏ သဘာဝဘေးအန္တရာယ်အပြီး ပြန်လည်တည်ဆောက်ရေးနှင့်ထူထောင်ရေးစီမံကိန်း Rotary Club of Central Yangon တို့မှ တာဝန်ရှိသူများက စာသင်ဆောင်အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်း၊ ကျောင်းအတွက်လိုအပ်သည့် ဆက်စပ်ဖြည့်တင်းခြင်းများနှင့်စပ်လျဉ်း၍ ပြောကြားကာ အဆောက်အအုံများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ခရိုင်ပညာရေးမှူးထံသို့လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို Rotary ၏ သဘာဝဘေးအန္တရာယ်အပြီးပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းမှလှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများ၊ မိုးကာများပါဝင်သည့် Gift Pack များ ပေးအပ်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး/ အမြင့်ဆုံးအပူချိန် |
| --- | --- |
| နေပြည်တော် | ၂၅˚c / ၃၅˚c |
| ရန်ကုန် | ၂၆˚c / ၃၁˚c |
| မန္တလေး | ၂၈˚c / ၃၉˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၂၆

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်ကွင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းတို့၌ ဇုန်လေးဇုန်ခွဲ၍ ကျင်းပခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီသရေကျလဒ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေကျလဒ်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၅ ဂိုး ဂိုးမရှိဖြင့် အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြဝတီ



★ ရှေ့ဖုံးမှအဆက်

## နိုင်ငံတော်တွင် နိုင်ငံရေးအရ ခေတ်အဆက်ဆက်ဖြစ်ပေါ် ပြောင်းလဲမှုများ

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့သည်မှာ တစ်လခွဲကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ **နိုင်ငံတော်တွင်ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို ပြန်လည်သုံးသပ်ကြည့်ရမည်ဆိုပါက လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အထိ ပြည်တွင်းနိုင်ငံရေးအခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေများနှင့် ချိန်ထိုးသုံးသပ်ရမည်ဖြစ်**ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ မတည်ငြိမ်မှုများနှင့် ပြည်ပကျူးကျော်မှုများကိုလည်း ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားနည်းချက်ကြောင့် ပြည်နယ်များခွဲထွက်ခွင့်များဖြစ်ပေါ်လာရာမှ နိုင်ငံရေးပဋိပက္ခများပိုမိုကြီးမားလာခဲ့ခြင်း၊ အာဏာရပါတီအတွင်း အုပ်စုကွဲခြင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ တည်ငြိမ်မှု၊ လုံခြုံရေးအရတည်ငြိမ်မှုများမရှိခဲ့ကြောင်း၊ **၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရက တာဝန်ယူခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ရကြောင်း။**

**ယင်းအချိန်တွင် နိုင်ငံရေးဦးဆောင်သူများ၊ လူငယ်များ၊ တပ်မတော်မှ တာဝန်ရှိသူများအားလုံးတွင် ဆိုရှယ်လစ်နှင့်ပတ်သက်သည့်အသိများရှိထားကြသည့်အချိန်ဖြစ်ပြီး ဒီမိုကရေစီစနစ်၊ အရင်းရှင်စနစ်၊ လစ်ဘရယ်စနစ်တို့နှင့် ဆိုရှယ်လစ်စနစ်တို့အားပြိုင်နေသည့်အခြေအနေဖြစ်ကြောင်း၊ ထို့နောက် ဒီမိုကရေစီစနစ်၊ အရင်းရှင်စနစ်၊ လစ်ဘရယ်စနစ်ကို ကြိုက်သည့်သူများအနေဖြင့် နိုင်ငံရေးထွက်ပေါက်မရှိသဖြင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လာခဲ့ကြောင်း၊ အာဏာရပါတီအတွင်း၌လည်း စီးပွားရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်းတွင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများလည်း ပိုမိုကြီးထွားလာခဲ့ကြောင်း။**

**ထိုအချိန်တွင် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့်ဆက်ဆံရေးတွင် ကောင်းမွန်ခဲ့သည်ကိုတွေ့ရပြီး ကုလသမဂ္ဂတွင်တာဝန်ထမ်းဆောင်ခဲ့သည့် ခေါင်းဆောင်များလည်းပေါ်ပေါက်လာခဲ့ကြောင်း၊ သို့သော် တရုတ်ဖြူကျူးကျော်မှု ဖြစ်ပွားချိန်တွင် အဆင်မပြေမှုများဖြစ်ပေါ်ခဲ့ကြောင်း၊** SEATO အဖွဲ့ပေါ်ပေါက်လာချိန်တွင် ပြည်ထောင်စုကြီးမှခွဲထွက်လိုသည့် တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း အဆိုပါအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဖိအားများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ ဆိုရှယ်လစ်စနစ်ကို မကျင့်သုံးနိုင်စေရေးအနှောင့်အယှက်ပေးမှုများရှိခဲ့ကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရာတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကိုဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်တွင် ကမ္ဘာပေါ်၌ နိုင်ငံရေးလမ်းစဉ်များနှင့်ပတ်သက်၍ အားပြိုင်မှုများပြင်းထန်နေသည့်အချိန်ဖြစ်ကြောင်း။**

**ယင်းနောက် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်ဆောင်ရွက်ချိန်တွင် NGO၊ INGO များ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ပြည်ပနိုင်ငံများမှ အထောက်အပံ့များရယူခဲ့ကြောင်း၊ ထိုအချိန်တွင် ဒီမိုကရေစီစနစ်ကို လိုလားသည့် နိုင်ငံများက မိမိတို့နိုင်ငံကို ကူညီဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုအချိန်ကတည်းက မိမိတို့နိုင်ငံသည် ပညာရေးအရ အားနည်းချက်များရှိခဲ့သည်ကို ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများအရ တွေ့ရှိနိုင်ကြောင်း၊ အဆိုပါ အားနည်းချက်ပေါ်တွင် အခွင့်ကောင်းယူ၍ NGO ၊ INGO အဖွဲ့အစည်းများက အစိုးရအပေါ်မကောင်းမြင်စေရန်နှင့် အစိုးရအပေါ် ဆန့်ကျင်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ဖွံ့ဖြိုးမှုအားနည်းမှုကြောင့် ပြည်ပအကူအညီများရရှိရန် LDC နိုင်ငံအဖြစ်သို့ လျှောက်ထားခဲ့မှုအပေါ် နိုင်ငံတော်အပေါ်ယုံကြည်မှုအားနည်းစေခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံ့စီးပွားရေးမှာကျဆင်းလာခြင်း၊ စီမံခန့်ခွဲမှုလွဲမှားမှုများဖြစ်ပေါ်ခြင်း၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝအခက်အခဲများဖြစ်ပေါ်ခဲ့ရပြီး ငွေစက္ကူတရားမဝင်ကြေညာမှုများ ဖြစ်ပေါ်ခြင်းတို့ကြောင့် အရေးအခင်းဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်ကိုတွေ့ရှိရကြောင်း။**

**အဆိုပါအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်မဖြစ်သေးကြောင်း၊ မိမိတို့နိုင်ငံအပေါ် အချို့အင်အားကြီးနိုင်ငံများက ၎င်းတို့အလိုကျဖြစ်အောင် ဆောင်ရွက်ခဲ့ကြသည်များလည်းရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကုလသမဂ္ဂညီလာခံ ပုံမှန်တက်ရောက်ခဲ့သော်လည်း နိုင်ငံတကာရေးရာနှင့် ကုလသမဂ္ဂနယ်ပယ်များတွင် ပါဝင်မှုနည်းပါးခဲ့သည်ကို တွေ့ရှိနိုင်ကြောင်း။**

**ထိုအချိန်တွင် စီးပွားရေးကျဆင်းခြင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် နိုင်ငံတကာမှ အထင်အမြင်သေးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံ၏ GDP မှာလည်း များစွာနည်းပါးခဲ့ပြီး ကုန်ထုတ်လုပ်မှုများလည်း များစွာနည်းပါးခဲ့ကြောင်း၊ သယံဇာတများထုတ်ယူရောင်းပြီး တိုင်းပြည်စီးပွားရေးကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံရေးအရ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် နဝတခေတ်တွင် အမျိုးသားညီလာခံကိုကျင်းပပြုလုပ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့်ရပ်ဆိုင်းခဲ့ရကြောင်း၊ နယကခေတ်တွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပပြုလုပ်ပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ကြောင်း။**

တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ်တွင် **နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေးကိုဆောင်ရွက်ခဲ့ကာ နှစ်ဖက်သဘောတူညီချက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကိုဆောင်ရွက်ခဲ့ကြောင်း၊** ထိုအချိန်သည် နိုင်ငံရေးအရ၊ စီးပွားရေးအရ အဘက်ဘက်မှ ကျပ်တည်းခဲ့သည့်ကာလဖြစ်ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့တင်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန်ဦးဆောင်သည့် ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်အသားကျနိုင်ရေးလိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ **ထိုသို့ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့လျှောက်လှမ်းချိန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည့်အတွက် NLD ပါတီအနေဖြင့် နိုင်ငံရေးတွင်ပါဝင်လာခဲ့ကြောင်း၊** နိုင်ငံတော်ကို ခြယ်လှယ်ချုပ်ကိုင်လိုသည့် အနောက်အင်အားကြီးနိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တွင် တည်ငြိမ်မှုမရှိစေရေး အတိတ်ဖြစ်ရပ်များဖြင့် ပြန်လည်လှုံ့ဆော်၍ ၎င်းတို့လိုသလို ပုံသွင်းနိုင်မည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာရေး ဦးတည်ဆောင်ရွက်ခဲ့ကြကြောင်း၊ **ထိုအချိန်တွင် NGO ၊ INGO အဖွဲ့များအနေဖြင့် နိုင်ငံရေးတွင်ပါဝင်ပတ်သက်လာခဲ့ပြီး မိမိတို့နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့ကြသည်ကိုတွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလတွင်လည်း ပြည်ပနိုင်ငံများမှ ၎င်းတို့၏ သဘောဆန္ဒများကို ဖော်ဆောင်ပေးနိုင်သည့်ပါတီကို နည်းလမ်းပေါင်းစုံဖြင့် ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မိမိတို့တာဝန်ယူချိန်တွင် NGO ၊ INGO အဖွဲ့များအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပါဝင်လာခဲ့မှုများရှိကြောင်း၊ ယခုကဲ့သို့ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားရခြင်းသည် မိမိတို့နိုင်ငံဖြတ်သန်းခဲ့သည့် ဖြစ်စဉ်များတွင် ရင်ဆိုင်နေရသည့် ပြဿနာများကို ပြောကြားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများကို ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သတိချပ်ကြစေလိုကြောင်း။**

မိမိတို့အနေဖြင့် **အတိတ်တွင်ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်ဖြစ်ရပ်များအပေါ်တွင်သင်ခန်းစာယူ၍ နောင်အနာဂတ်တွင် ထိုကဲ့သို့သောဖြစ်ရပ်မျိုးဖြစ်ပေါ်လာခြင်းမရှိစေရေး ဆက်လက်ဆောင်ရွက်သွားကြရမည်**ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ရမည်၊ စီးပွားရေးအရ အားကောင်းအောင်ဆောင်ရွက်ရမည်၊ လုံခြုံရေးအရ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### နိုင်ငံတကာဆက်ဆံရေး

နိုင်ငံတကာဆက်ဆံရေးအနေဖြင့်လည်း ကောင်းမွန်မှုရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်ရသည့်အခါ၌ မိမိတို့နိုင်ငံအတွက် အကျိုးရှိစေမည့် ပြောဆိုဆက်ဆံမှုများဖြစ်စေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရပါတီစုံဒီမိုကရေစီစနစ်ခိုင်ခိုင်မာမာဖြစ်စေရေးဆောင်ရွက်သွားမည်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုရအောင်တည်ဆောက်မည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဟုဆိုရာတွင် နယ်မြေဒေသကိုပေးသည့်ဖက်ဒရယ်ဖြစ်ပြီး လူမျိုးကိုပေးသည့် ဖက်ဒရယ်မဟုတ်သည်ကိုလည်း သိရှိနားလည်နိုင်ကြရန်လိုကြောင်း၊ အမျိုးသားရေးတွင် တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ အမှန်တကယ်အလုပ်လုပ်ကိုင်နိုင်စေရေး၊ လုပ်တတ်ကိုင်တတ်စေရေး ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ဗဟိုအစိုးရမှ ဖန်တီးပေးရမည်များရှိသကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှ ဖော်ဆောင်ပေးရမည်များလည်းရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်မှသာလျှင် ၎င်းတို့အနေဖြင့် ဝင်ငွေကောင်းလာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံတော်အစိုးရအပေါ်တွင်လည်း ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း။

### နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့်ပတ်သက်လာပါက အမြင်ကျယ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်တွေးခေါ်ဆောင်ရွက်

လုံခြုံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ယူခဲ့သည့်အချိန်တွင်




ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

**❖ အတိတ်တွင်ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်ဖြစ်ရပ်များအပေါ်တွင် သင်ခန်းစာယူ၍ နောင်အနာဂတ်တွင် ထိုကဲ့သို့သောဖြစ်ရပ်မျိုးဖြစ်ပေါ်လာခြင်းမရှိစေရေး ဆက်လက်ဆောင်ရွက်သွားကြရမည် . . .**

**❖ နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုများကို ခိုင်ခိုင်မာမာဆောင်ရွက်ပေးထားပြီးဖြစ်ကာ သဘောထားကွဲလွဲရန်အကြောင်းမရှိသည့်အတွက် ငြိမ်းချမ်းသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အတူတကွအလုပ်လုပ်ကိုင်ဆောင်ရွက်သွားကြရန်လို . . .**

**❖ ကျောင်းနေပျော်၍ စာတော်ရမည် ဟူသည့်အတိုင်း ကျောင်းများအားလုံး သန့်ရှင်းသာယာလှပရေး၊ အခြေခံအဆောက်အဦများကောင်းမွန်စေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လို . . .**

**❖ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍လည်း အမြဲမပြတ်ကြည့်ရှုပေးရန်လိုပြီး ရာသီဥတုပြင်းထန်မှုဒဏ်ကို အသက်သာဆုံးနည်းလမ်းဖြင့် ဖြတ်သန်းနိုင်ရေး ဒေသဆိုင်ရာအစိုးရများက နည်းလမ်းရှာဆောင်ရွက်ပေးသွားရန်လို . . .**

ရက်ပေါင်း ၁၀၀ အတွင်း ငြိမ်းချမ်းရေးဆွေးနွေးခြင်းများကို ဆောင်ရွက်သွားနိုင်ရေးအတွက် ဖိတ်ခေါ်ခဲ့ပြီး လက်ရှိအချိန်၌ EAO အဖွဲ့အချို့နှင့် အောက်ခြေအဆင့်များတွင် ထိတွေ့မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ မဲမသမာမှုများကြောင့်ဖြစ်ပေါ်လာသည့် နိုင်ငံရေးဖြစ်စဉ်များအပေါ် ကျေနပ်လက်ခံနိုင်မှုမရှိခြင်းကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအခြေအနေသို့ ရောက်ရှိလာခြင်းသည် မိမိတို့နိုင်ငံ၏ ပညာရေးအားနည်းချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့၏အကျိုးအတွက် သွေးထိုးလှုံ့ဆော်၍ အသုံးချ လုပ်ဆောင်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ပညာရေးကို မဖြစ်မနေပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရမည်ဟု အကြိမ်ပေါင်းများစွာ ပြောဆိုဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လည်း လိုအပ်မည်ဖြစ်သဖြင့် လာမည့် ၅ နှစ်တာကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မျှော်မှန်းချက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မည်ကဲ့သို့ပင် ဖိတ်ခေါ်ကမ်းလှမ်းနေသည်ဖြစ်စေ လက်နက်ကိုင်အဖွဲ့များအနေဖြင့် ယုံကြည်ချက်၊ ခံယူချက်ရှိစွာဖြင့် အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုစိတ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုစိတ်ရှိရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ လုံခြုံရေးအရ၊ စီးပွားရေးအရ အားနည်းချက်များ ဖြစ်ပေါ်လျက်ရှိသည်ကို အလေးထား၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ်အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံရေးအား၊ စီးပွားရေးအား၊ ကာကွယ်ရေးအားများ တိုးတက်လာစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊** ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် ပတ်သက်လာပါက အမြင်ကျယ်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်ဆောင်ရွက်**ကြရန် အလေးထားမှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း ဗဟိုအစိုးရ၏လုပ်ပိုင်ခွင့်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်များကိုပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာများအရ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအလိုက်ဆောင်ရွက်ရန်ကျန်ရှိသည့်ကိစ္စရပ်များကို ဆောင်ရွက်သွားကြရန်လိုပြီး ယခု ၆ လအတွင်း တိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် သဟဇာတဖြစ်ရန်လိုပြီး ပြီးမြောက်အောင်မြင်တိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်အနေဖြင့် ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရသည်မဟုတ်သော်လည်း မည်ကဲ့သို့ဆောင်ရွက်ရမည်ကို နည်းလမ်းပြပေးခြင်း၊ စီမံကြီးကြပ်ခြင်းတို့ဖြင့် ဆောင်ရွက်သွားနိုင်ကြောင်း။

မိမိတို့နိုင်ငံတွင် အလုပ်လုပ်ကိုင်ကြမည့် လုပ်နိုင်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိသည့် လူဦးရေနှုန်းထားအနေဖြင့်လျော့နည်းကျဆင်းလာသည်ကို တွေ့မြင်ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း အလုပ်သမားရှားပါးမှုပြဿနာကို ကြုံတွေ့ရလျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း အလုပ်အကိုင်ရှားပါးမှုကြောင့် အလုပ်အကိုင်ရှိသည့်နေရာများသို့ သွားရောက်နေကြသူများရှိသည်ဟုလည်း ပြောဆိုကြကြောင်း၊ မိမိတို့နိုင်ငံအတွင်း၌ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရေမြေသယံဇာတနှင့် အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ်အလုပ်လုပ်နိုင်မှု အားနည်းကြသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေခြင်းဖြစ်သည်ဟုတွေ့မြင်ရကြောင်း၊ နိုင်ငံ၏ အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များ များစွာလိုအပ်နေဆဲဖြစ်ကြောင်း၊ ကျွမ်းကျင်သည့် လုပ်ငန်းများကို လုပ်ကိုင်မှုမရှိဘဲ ကျပန်းအလုပ်များလုပ်ကိုင်ကြခြင်း၊ တရားမဝင် သယံဇာတထုတ်ယူခြင်း လုပ်ငန်းများတွင် လုပ်ကိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့သွားရောက်၍ လုပ်သားအဖြစ်ဝင်ရောက်လုပ်ကိုင်နေခြင်းတို့ကြောင့် လုပ်သားများရှားပါးလာခြင်းလည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေရေး၊ အလုပ်လုပ်ကိုင်နိုင်ရေးတို့အတွက် ဖော်ဆောင်ပေးသွားကြရန်လိုကြောင်း။

မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့်ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့် အညီသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်တွင် ပြဋ္ဌာန်းပေးထားသည့်ဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းများ မရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုသိရှိကြရန်၊ လိုက်နာကြရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြေယာအသုံးချမှုများနှင့်ပတ်သက်၍ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

## ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး နိုင်ငံတော်မှ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုနှင့် ပတ်သက်၍ ယခုအခါ ပြည်သူများက ရွေးချယ်တင်မြှောက်သည့် မိမိဦးဆောင်သည့် အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများကို ခိုင်ခိုင်မာမာဆောင်ရွက်ပေးထားပြီးဖြစ်ကာ သဘောထားကွဲလွဲရန်အကြောင်းမရှိသည့်အတွက် ငြိမ်းချမ်းသည့်ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အတူတကွအလုပ်လုပ်ကိုင်ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ စာသင်ကျောင်းများနှင့်ပတ်သက်၍ ယခုအခါ ကျောင်းအပ်ရာသီသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး နိုင်ငံတော်မှ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ KG+9 အထိ မသင်မနေရ ပညာသင်ကြားရေးကိစ္စရပ်များကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး ကျောင်းများအားလုံးတွင် ပညာသင်ကြားနိုင်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **ပညာရေးအားပေးမှသာ ကျေးလက်တွင်အလုပ်အကိုင်အခွင့်အလမ်းရရှိလာမည်ဖြစ်ပြီး ကျောင်းပညာရေးကို အားပေးမှုမရှိပါက နောင်အနာဂတ်တွင် မိမိတို့ ကလေးငယ်များအနေဖြင့် ဘဝလမ်းခရီးကို ခက်ခဲစွာဖြတ်သန်းရမည်ကို သတိပြုမိကြရန်လို**ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရည်မြင့်မားလာမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ပိုမိုလျင်မြန် မြန်ဆန်စွာဖြင့် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းများစနစ်တကျဖြစ်စေရေး၊ သတ်မှတ်စံနှုန်းများကိုက်ညီမှုရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ **ကျောင်းနေပျော်၍ စာတော်ရမည်ဟူသည့်အတိုင်း ကျောင်းများအားလုံး သန့်ရှင်းသာယာလှပရေး၊ အခြေခံအဆောက်အဦများကောင်းမွန်စေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လို**ကြောင်း။

စားသုံးဆီဖူလုံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် နှစ်စဉ် ပြည်ပမှတင်သွင်းနေရကြောင်း၊ ပြည်တွင်း၌လည်း ဆီထွက်သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိနေသဖြင့် ပြည်ပမှ တင်သွင်းနေရသည်မှာမဖြစ်သင့်ကြောင်း၊ ပြည်တွင်းဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့်ဆီထွက်သီးနှံ စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပိုမိုတိုးတက်ထွက်ရှိအောင် စိုက်ပျိုး ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုနှင့်အတူ ပျားမွေးမြူခြင်းကိုလည်း အောင်မြင်အောင်ဆောင်ရွက်နိုင်ပြီး နှစ်ဖက်အကျိုးရှိစေမည့် မိတ်ဖက်လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

ကော်ဖီစိုက်ပျိုးခြင်းနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် နာမည်ရရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် တင်ပို့နိုင်မှုမရှိကြောင်း၊ သို့ဖြစ်၍ ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီစွာထုတ်လုပ်တင်ပို့နိုင်ရေး တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြီးခဲ့သည့်နွေရာသီကာလအတွင်း အပူချိန်မြင့်မားခဲ့သည့်ဒေသများအား မှတ်သား၍ ယခုမိုးရာသီကာလအတွင်း သစ်ပင်များ တိုးချဲ့စိုက်ပျိုးခြင်း၊ ရှိပြီးသားအပင်များအား ထိန်းသိမ်းခြင်း၊ အပူရှောင်နေရာများသတ်မှတ်ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းဒေသများမှ **သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍လည်း အမြဲမပြတ်ကြည့်ရှုပေးရန်လိုပြီး ရာသီဥတုပြင်းထန်မှုဒဏ်ကို အသက်သာဆုံးနည်းလမ်းဖြင့် ဖြတ်သန်းနိုင်ရေး ဒေသဆိုင်ရာအစိုးရများက နည်းလမ်းရှာဆောင်ရွက်ပေးသွားရန်လို**ကြောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး သတ်မှတ်ထားသည့် ၁၃ ခရိုင်အတွင်း လာမည့်သစ်ပင်စိုက်ရာသီတွင် အောင်မြင်စွာစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှုများနှင့် ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အသုံးပြုရန်လျာထားသည့်ဘဏ္ဍာငွေများအား မှန်မှန်ကန်ကန်နှင့် အပြည့်အဝ အကျိုးရှိအောင်သုံးစွဲသွားကြရန်လိုကြောင်း၊ ခွင့်ပြုငွေများအား အသုံးချနိုင်မှုမရှိဘဲ ပိုလျှံငွေများအဖြစ် ပြန်လည်အပ်နှံခြင်းသည် နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုပင်ဖြစ်သည့်အတွက် မှန်ကန်စွာ သုံးစွဲအသုံးချနိုင်ရန်လိုကြောင်း၊ ကြီးကြပ်ကွပ်ကဲရန်၊ ပြန်လည်စိစစ်ရန်တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

## ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

## ဖြည့်စွက်မှာကြား

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက **အွန်လိုင်းလောင်းကစားမှုများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြေပြင်ကွင်းဆင်းပြီး အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်သွားရန် လိုအပ်**ကြောင်း၊ စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုကိုထိန်းသိမ်းနိုင်ရန် နိုင်ငံတော်အစိုးရက မော်တော်ယာဉ်သုံးစွဲမှုနှင့် စက်သုံးဆီရောင်းချပေးမှုကို စနစ်တကျဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုအချိန်တွင် စက်သုံးဆီဈေးနှုန်းသည် အထိုက်အလျောက်ပြန်လည်ကျဆင်းလာသည်ကိုတွေ့ရကြောင်း၊ ယခုအခြေအနေကိုထိန်းသိမ်းနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အောက်ခြေတွင် စနစ်တကျကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးကိရိယာချေးငွေများနှင့်စပ်လျဉ်း၍ ကြွေးမဆပ်သည့် **စာမျက်နှာ ၁၅ သို့** ⭑

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting

## By drawing lessons from past experiences, we must strive to strengthen our political, economic, and defence might, while elevating national dignity on the international stage through strong leadership



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the Union government meeting.

NAY PYI TAW May 26

The Union government of the Republic of the Union of Myanmar held a meeting at the Union government meeting hall of President's Office in Nay Pyi Taw this morning, addressed by President U Min Aung Hlaing.

Also present were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, union ministers, the Nay Pyi Taw Council chairman. Region/state chief ministers attended the meeting through video conferencing.

**Political developments throughout the successive periods in the country**

In his keynote address, the President said up to now, the government has been in the office for one and a half month. **In reviewing the experience of the history, we will have to weigh the internal situation during the period from the time the country gained independence to this date and the international relations.** During the early post-independence, the country had to overcome internal armed conflicts, instability and foreign intrusion. Political conflicts grew larger resulting from the appearance of the right to secession of the states due to the weakness of the 1947 Constitution. The ruling party split into different factions, and the nation lacked political stability and security. As a result, **the Caretaker Government had to assume the responsibilities of the State in 1958 and the Revolutionary Council started to shoulder the duties of the State in 1962.**

**During the time, all the political leaders, youth, and Tatmadaw officials had knowledge of socialism, while democracy system, liberalism and socialism were vying with one another. Later, violent protests broke out as the persons who favoured democracy, capitalism and liberalism had no political exit. Disagreements in relation with the economy broke out in the ruling party and at the same time, ethnic armed conflicts were also escalating.**

**Regarding the international relations, the country had good relations with the UN at that time, and leaders who served at the global body came out. But when Kuomintang intrusion occurred, there surfaced frictions in the relations.** After the establishment of the SEATO, certain ethnic groups that want to leave the Union made contract with it, causing pressures in the international relations sector. There were disturbances to prevent Myanmar from adopting the socialist system. **Myanmar realized the Burmese (Myanmar) Way of Socialism at the time when political rivalry was intense in the world.**

**When the country was on its way to democratization, NGOs and INGOs entered the country that was receiving assistance from foreign countries. Countries that favoured democracy were assisting Myanmar at that time. The population and housing censuses collected in 1973 and 1983 showed that the country had weakness in the education sector since then. Taking the weakness as an opportunity, NGOs and INGOs made instigations to create a negative view of the government and to turn against it. The application for less developed country (LDC) status to receive external assistance due to weakness in progress had degraded trust in the State. Disturbances broke out in 1988 resulting from a drop in the national economy, mismanagements, socio-economic hardships, and a demonetization declaration.**

**The country was not an ASEAN member state at that time. Besides, the country faced the attempts of certain powers to drive it towards their chosen path. Although the country was regularly attending the UN conference, its involvement in international affairs and UN activities was low.**

**Decline in the economy and lack of peace and stability drew international contempt. The country's GDP and production capacity were very low, and the national economy mainly depended on natural resources exports. SLOC organized the National Convention to adopt multi-party democracy, but had to adjourn it due to various circumstances. But SPDC resumed the National Convention, and steered the country towards multiparty democracy.**

**The Tatmadaw assumed State responsibilities in 1988 and initiated internal peace efforts in 1989, leading to ceasefire agreements through mutual understanding.** At that time, the country was facing significant political and economic challenges. Subsequently, the nation began transitioning toward a multi-party democratic system. In 2010, multi-party democratic elections were held, and the Tatmadaw guided the country onto the path of democracy. During the administration of President U Thein Sein in 2011, reforms necessary for democratic transition were implemented. **As part of this democratic process, the Nationwide Ceasefire Agreement (NCA) was signed. During this period, the NLD entered the political arena following amendments to the election law.** Western countries and organizations seeking influence over the nation allegedly exploited past incidents to

See Page - 19 ●●

●● From Page - 18

create instability and attempted to shape a government aligned with their interests. **NGOs and INGOs were also observed engaging in political activities and interfering in the country's internal affairs. During the 2020 multi-party democratic general election, foreign countries reportedly provided various forms of support to parties representing their interests. After the assumption of responsibilities in 2021, NGOs and INGOs were found to be involved with ethnic organizations. Recounting the country's history in this manner is intended to highlight the challenges faced throughout different periods. Union ministers as well as region and state chief ministers were urged to remain mindful of the historical experiences and difficulties the country has endured.**

**We must learn from past events and continue making every effort to prevent similar incidents from recurring in the future.** It is essential to achieve political stability, strengthen the national economy, and bring an end to armed conflicts to ensure security and peace.

**International Relations**

Efforts must also be made to maintain strong and positive international relations. Union-level officials, union ministers, and region and state chief ministers need to engage with the international community through discussions and cooperation that will benefit the country. Politically, efforts will continue to strengthen the multi-party democratic system and build a Union based on democracy and federalism, with the understanding that the federal system being implemented is based on territorial administration rather than ethnicity. In terms of nationalism and national development, efforts will be directed toward ensuring the country's prosperity. To achieve this, it is necessary to create employment opportunities, sustainable jobs, and skill-development programs. While certain responsibilities must be undertaken by the central government, there are also important roles for region and state governments to support and implement. Only through such collective efforts can the people secure better incomes, improve their socio-economic conditions, and strengthen their confidence in the national government.

**Adopt a broad perspective and approach in matters related to politics, the economy, and national security**

After assuming responsibilities, peace talks were invited within 100 days, and discussions are currently being held with some EAO groups at the grassroots level. The PDF terrorist groups chose the armed path due to dissatisfaction with the political developments arising from alleged vote irregularities in the 2020 election. This situation emerged because both domestic and foreign political actors exploited weaknesses in the country's education system to influence and mobilize people for their own interests. Therefore, it has been repeatedly emphasized that the country's education system must be reformed. As stability and peace are essential for educational development, efforts will be made with a long-term vision to achieve lasting peace over the next five years. Regardless of how the government extends invitations for peace, armed groups themselves must genuinely desire peace with trust and conviction. It is also necessary for all sides to have the willingness to cooperate for the country's development. Political, security, and economic weaknesses must be carefully assessed and addressed through reforms. **Lessons must be drawn from both the historical and contemporary experiences the country has undergone, while striving to strengthen political, economic, and defence capabilities through effective leadership and to enhance the nation's standing in the international community. Union-level officials, union ministers, and region and state chief ministers were urged to adopt broad perspectives and take comprehensive approaches in matters concerning politics, the economy, and national security.**

He mentioned that we are practicing a multi-party democratic system and the Constitution (2008) has already prescribed the powers of the central government as well as the powers according to regions and states. He stated that in terms of legislation, remaining matters to be carried out according to regions, states, and self-administered divisions need to be implemented, and progress must be made within the next six months. He noted that the union and region and state governments need to work in harmony to successfully achieve and advance their activities. He added that although the Union level does not execute the work directly, it can operate by providing guidance and supervising how tasks should be carried out.

He noted that the proportion of the population within the working-age range able to work in our country is observed to be declining, and regions and states are also experiencing labor shortage problems. He stated that on the other hand, it is also said that there are people moving to places where employment is available due to a scarcity of jobs. He observed that although our country already possesses natural resources and good foundations to carry out businesses, job opportunities remain scarce because the actual capacity to work is weak. He added that agriculture and livestock farming, which are the main businesses of the country, still significantly require human resources capable of operating skillfully. He explained that the labor shortage is also caused by people doing casual jobs instead of skilled work, working in illegal resource extraction industries, and going abroad to work as laborers. Therefore, he urged the Union level, as well as individual regions and states, to create initiatives to increase job opportunities and enable employment.

Regarding land use, the Farmland Law and laws relating to vacant and fallowlands have already been enacted, and it is necessary to operate only in accordance with the prescribed permissions. He stated that because there has been a lack of strict supervision in line with the laws enacted by the State, difficulties are being encountered in carrying out national development activities. Therefore, he noted that it will be necessary to know and comply with the issued laws, rules, and regulations, and it is necessary to dutifully fulfill one's assigned tasks and responsibilities. He added that officials need to supervise land use to ensure it is orderly and systematic.

**The State will do its utmost to ensure that all school-aged children can pursue education**

Regarding political differences, he said that at present, the government led by himself, which was elected by the people, is taking responsibility. He stated that **political developments have been firmly established and there is no reason for differences, so it is necessary to work together on the peaceful path of democracy.** Regarding schools, he noted that the school enrollment season has now arrived. He added that the State will do its utmost to ensure that all school-aged children can pursue education. He explained that compulsory education up to KG+9 must be implemented and access to education must be provided in all schools. He mentioned that **only by encouraging education will job opportunities emerge in rural areas, and it is necessary to realize that if school education is not encouraged, our children will face a difficult journey in life in the future.** He stressed that only when educational standards rise nationwide will national development occur much faster. Regarding education, he noted that it is necessary to ensure that schools are orderly and meet prescribed standards. **In line with the motto "Be happy at school and excel in study," he urged them to fulfill necessary requirements to ensure all schools are clean, pleasant, and beautiful, and to improve basic infrastructure.**

Regarding cooking oil sufficiency, he stated that we have to import it from abroad every year, and since oilseed crops are also cultivated domestically every year, having to import from abroad should not be the case. He noted that regions and states cultivating domestic oilseed crops such as peanuts, sesame, sunflower, and soybeans need to operate and cultivate to increase their yields. He added that alongside oilseed crop cultivation, beekeeping can also be carried out successfully and it is a partner business that will yield mutual benefits.

In connection with the cultivation of coffee, Myanmar's coffee is well-known but fails to export it to meet the market demand. Therefore, it is necessary to expand coffee cultivation to meet the export demand.

Expansion of tree planting, conservation of existing ones and designating heat shelter sites must be carried out by taking high-temperature areas in the last summer. **Healthcare for the elderly in such places must be consistently provided and regional governments are required to find out ways and means to help them overcome the heat most comfortably.** Efforts must be made to plant trees successfully during the tree-planting season in 13 districts under dry-zone greening plans.

In connection with expenditure, budgets allocated for development tasks must be spent correctly and most beneficially and as returning budget allocations as surplus without spending amounts to losses for the country, they must be spent correctly and responsible officials who supervise and review budget allocations are required to perform their duties responsibly.

**Union ministers report to President**

Then, union ministers reported to the President on relevant sectors.

**Additional remarks made**

After hearing the reports, the Presidents said **responsible officials from regional and state governments are required to make field trips together with relevant organizations to launch combat against online scams and gambling effectively.** To control the rising prices of fuel, the government has taken measures to regulate the use of vehicles and sales of fuel and as a result, it can be seen that the prices of fuel have dropped moderately. Responsible officials are required to supervise the situation systematically on the ground to control the current situation. In connection with agriculture and agricultural equipment loans, as it was found that the government has to bear billions of bad loans because there were some farmers who failed to repay the loans, relevant ministries and regional and state governments are required to exert concerted efforts to collect the loans to the full extent and to eliminate bad loans.

**Reconstruction of public buildings damaged in Chin State**

Afterward, the President made concluding remarks, saying the government has been transporting construction materials necessary for reconstruction of hospitals, schools, government and departmental offices and religious edifices damaged during armed conflicts as soon as possible. Priority will be given to hospitals

See Page - 21 ●●

# Three more illicit four-storey residential buildings used for online gambling and scamming operations in Shwe Kokko area systematically demolished

The building used for illegal online gambling operations in Shwe Kokko region, Myawady District, Kayin State, demolished by machinery.




NAY PYI TAW May 26

The Government of Myanmar, while prioritizing national stability, rule of law, and development efforts, is systematically dismantling illegal online gambling and scamming operations that harm the interests of the State and the public. As part of this ongoing process, security forces, administrative bodies, local authorities, and joint teams are working together to clear out and destroy the equipment used in online gambling and scam operations, as well as to systematically demolish the illegal buildings in Shwe Kokko and KK Park areas, preventing such activities from taking place.

Today, within the Shwe Kokko area, three four-storey residential buildings—part of 77 structures used for online gambling and scamming—were systematically demolished using vehicles and machinery. With this operation, a total of six buildings have now been destroyed, leaving 71 remaining illegal buildings yet to be demolished. Authorities have confirmed that the remaining structures will continue to be systematically destroyed.

The government considers the fight against online gambling and scamming operations as a national duty and will continue efforts, both through domestic forces and in coordination with neighbouring countries, to ensure that such activities have no foothold in Myanmar.

**100**

# Mingin Township sees completion of harvesting green gram plantations

MINGIN May 26

Agricultural data compiled by Mingin Township Agriculture Department, local farmers have reaped 3,731 acres of green gram in Mingin Township of Sagaing Region.

During the winter cropping season in Mingin Township, a total of 5,639 acres of green gram were cultivated. Harvesting of these fields began in January this year, and as of today, 3,731 acres have been harvested, with an average yield of 14.87 baskets per acre.

"In Mingin Township, 5,639 acres of green gram were cultivated during the winter season. At present, harvesting is ongoing, and more than 3,000 acres have been completed to date. Green gram cultivation has been increasing year by year. We are also providing education to expand cultivation and encouraging the use of high-quality seeds to achieve better yields," said Daw Hayman Kyaw Win, Head of the Department of Agriculture in Mingin Township.

In Mingin Township, the relevant Township Department of Agriculture has been providing farmers with guidance and awareness on accessing regionally suitable high-quality seeds, applying correct cultivation methods, preventing pest infestations, using fertilizers systematically, and improving yields.

During this year's winter cropping season, in order to ensure good yield and quality of various pulses, necessary quality seeds, agricultural inputs, and post-harvest technological support are being provided in cooperation with farmers. **SK**

# All plantations of butter bean reaped in Htigyaing Township

HTIGYAING May 26

All sown acreage of butter bean has been harvested in Htigyaing Township of Sagaing Region, according to the statistics of the Township Agriculture Department.

During the winter cropping season in Htigyaing Township, a total of 3,501 acres of butter bean were cultivated. Harvesting of these fields began in January this year, and as of today, 100 percent of the acreage has been completed, with an average yield of 16.89 baskets per acre.

"In Htigyaing Township, 3,501 acres of butter bean were cultivated during the winter season. At present, all cultivated fields have been fully harvested. Butter bean is grown only in the winter season, and its cultivation has been successful. Since it fetches a good market price, farmers rely on it for cultivation," said U Ko Ko Aung, Head of the Department of Agriculture in Htigyaing Township.

In Htigyaing Township, during this year's monsoon cropping season, local farmers cultivated butter bean both as a main crop and, in some cases, as an intercropped crop to generate additional income.

This year, the Township Department of Agriculture has been supporting farmers growing various pulses by helping to improve yields, promoting the use of high-quality seeds, and providing necessary technical assistance. It has also shared knowledge on preparing and using natural pesticides for pest and disease prevention, as well as on timely harvesting practices. **SMK**

# All groundnut plantations reaped in YeU Township

YEU May 26

According to YeU District Agriculture Department, local farmers have reaped all plantations of groundnut planted in cold season in YeU Township of Sagaing Region.

They grew 10,248 acres of groundnut in YeU Township. Starting from January 2026, they harvested the crops and yielded 72.78 baskets per acre.

During the winter cropping season in YeU Township, groundnut was cultivated on a total of 10,248 acres. At present, harvesting has been completed on 100 percent of the groundnut plantations. Cultivation has exceeded the targeted acreage, and groundnut farming has been successful. As an oilseed crop, groundnut is in a favorable production condition, and its cultivation has been increasing year by year, said U Zaw Myint Tun, Head of the YeU District Department of Agriculture.

In YeU Township, about one and a half baskets of seeds are required to plant one acre of groundnut. The total cultivation cost exceeds Ks-200,000 per acre, including expenses for seeds, labour, fertilizers, and pesticides. It is also reported that more than 50 baskets of groundnuts can be produced per acre.

In order to ensure the successful growth of groundnut plantations in YeU Township, prevent pest and disease infestation, and keep the fields free from weeds, staff from the Township Department of Agriculture conducted field inspections and collected scouting records by visiting the plantations. **SK**

●● From Page - 19

and schools while efforts will be made to repair public markets and other departmental buildings. In carrying out rehabilitation tasks in Chin State, I would like to urge regional and state governments to offer help while the government has been taking necessary measures.

**Uplifting the sport sector amounts to safeguarding the State**

As for sports, the spiritual strength of the country can be expressed through sports and it can be seen that it is still necessary to make efforts to achieve more success although moderate success was achieved in regional sports events. I want athletes with high quality and morale to be selected to compete in sports events. To achieve success in sports, it is necessary to carry out reforms starting from sports federations. The government has been providing assistance for sports grounds and stadiums to be systematic and to meet standards. Athletes must be trained under sport technique instructors and fitness instructors to enable them to compete systematically and healthily. Efforts must be made to properly select and nurture athletes for respective sports systematically since their childhood. It is necessary to systematically cultivate athletes who are honoured by hoisting the national flag of the country and to organize sporting events without interruption. Achievements in the sports sector will boost patriotism and **uplifting the sports sector amounts to safeguarding the State or building the nation.** In conclusion, **the President urged all to make efforts to boost the sports sector.**

**100**

# Pyithu Hluttaw Speaker U Khin Yi meets Pyithu Hluttaw representatives of Mandalay Region

MANDALAY MAY 26

Pyithu Hluttaw Speaker U Khin Yi held a meeting with Pyithu Hluttaw representatives of Mandalay Region at the Thabin Hall of Mandalay Region Hluttaw office this afternoon.

At the meeting, the Speaker delivered a speech, saying that Hluttaw representatives are currently actively and energetically carrying out their duties for the benefit of both their constituents and the State. In doing so, they are expected to ensure that there are no procedural errors. A Hluttaw is an institution composed of public representatives who have been elected and entrusted with responsibilities in accordance with the will of the people from their respective constituencies.



Pyithu Hluttaw Speaker U Khin Yi delivers a speech at the meeting with Pyithu Hluttaw representatives of Mandalay Region.

Legislative work is the primary responsibility of the Hluttaw, and the Hluttaw has the duty to ensure that citizens are able to live peacefully and comfortably under the protection of the law. Therefore, existing laws that are no longer appropriate for the current system and era need to be systematically reviewed and, where necessary, amended, supplemented, and enacted. It is also necessary to study and assess the current situation and promulgate laws that are in line with the times. Regarding online fraud, the Anti-Online Scam Bill has already been prepared in order to effectively prevent and suppress such activities. In addition, the Hluttaw will prioritize the enactment of this bill into law during the upcoming second regular session.

It is understood that the public also places hopes and trust in the Hluttaw. Therefore, Hluttaw representatives, when submitting and raising questions, need to present matters that reflect the real needs of the people. They are also required to have a detailed understanding of their respective constituencies and the wishes of their voters. Only then will they be able to timely present and address the needs of the people in Hluttaw. The Hluttaw should also continuously observe and study the implementation of the government's plan, and cooperate in matters that require coordination from the Hluttaw side. Only when the Hluttaw and the government work together in close coordination and partnership can national development and the genuine needs of the people be effectively fulfilled.

In order to support legislative work, Hluttaw representatives are required to continuously study State-owned newspapers and current international news in order to understand government policies. Hluttaw representatives should also carry out their duties without partisan bias, ethnic bias, or ideological bias, and should instead prioritize the interests of the State and its citizens. They are expected to work toward making their current Hluttaw term more effective and improved. They must strive to become representatives who address the difficulties of the people and who are worthy of the public's trust. It was also stated that this Hluttaw is expected to be a particularly people-oriented and publicly beneficial Hluttaw.

Speaker of Mandalay Region Hluttaw U Aung Kyaw Moe reported on the undertakings of third Mandalay Region Hluttaw, and the Pyithu Hluttaw Speaker gave necessary instructions.

After the meeting, the Speaker inspected the convention hall of the Mandalay Region Hluttaw and signed the guests' book.

The Pyithu Hluttaw Speaker also met MSME entrepreneurs and town elders of Mandalay Region. At the meeting, the Speaker said that the Hluttaw is an institution composed of Hluttaw representatives elected by the relevant voters through free and fair elections, in accordance with their preferences. Since Hluttaws are formed by representatives chosen according to the will of the people, they are the closest institution to the public. The Hluttaw has the responsibility to ensure that citizens fully enjoy the rights guaranteed under the Constitution. It is also working to become a trusted institution for the people by coordinating efforts between the public and the government to fully implement the needs of the people. Therefore, town elders, community leaders, and businesspersons are encouraged to openly and frankly present any difficulties they are facing, as well as matters that require the State's assistance and support, so that the Hluttaw can coordinate and facilitate necessary actions. The Hluttaw will also coordinate with the relevant authorities and, where necessary, make efforts to amend, supplement, or enact new laws accordingly.

The meeting attendees participated in discussions. In response, the Speaker pledged that the Hluttaw will review them in accordance with laws, rules, and procedures with regard to the submissions presented today concerning individual-level difficulties, public or collective issues, and MSME-related challenges that support national development. Where necessary, it will coordinate and resolve such matters and work toward enacting them into law through the legislative process. After the meeting, the Speaker cordially greeted the attendees.

**Myawady**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.




## ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော ယန္တရားဖြင့်ဖျက်ဆီးခဲ့သည့် အဆောက်အအုံ

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
|---|---|
|  |  |

❍ **ကျောဖုံးမှအဆက်**

လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ၄ ထပ် လူနေအဆောက်အအုံ ၃ လုံးကို ယနေ့တွင် ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် စုစုပေါင်းအဆောက်အအုံ ၆ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ရာ ဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံ ၇၁ လုံး ကျန်ရှိနေသေးကြောင်းနှင့် ၎င်းတို့အား ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသတင်းရရှိသည်။ (၁၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မီးသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားချက်

နေပြည်တော် မေ ၂၆


၁၃၂ ကေဗွီ ညောင်ပင်ကြီး - ဗုဒ္ဓကုန်း ဓာတ်အားလိုင်းတွင် ယနေ့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် လိုင်းချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်တို့တွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများက ဓာတ်အားလိုင်းတစ်လျှောက် လိုက်လံစစ်ဆေးခဲ့ရာ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်အားတွေ့ရှိရသဖြင့် အမြန်ဆုံးခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ယခုအခါ လိုအပ်သော ရှင်းလင်းခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ပါသဖြင့် ယနေ့ ညနေ ၅ နာရီ ၁၃ မိနစ်မှစတင်၍ အဆိုပါဓာတ်အားလိုင်းမှတစ်ဆင့် ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်တို့သို့ ဓာတ်အားပုံမှန်အတိုင်း ပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရွှေကျင် | (၂.၆၈)လက်မ |
| မဒေါက် | (၂.၂၅)လက်မ |
| ခနဲဖြူ | (၁.၉၀)လက်မ |
| ကော့ကရိတ် | (၁.၈၅)လက်မ |
| ကျိုက်မရော | (၁.၈၁)လက်မ |
| မိုးကောင်း | (၁.၇၇)လက်မ |
| ခရမ်း | (၁.၇၄)လက်မ |
| သာယာဝတီ | (၁.၆၉)လက်မ |
| ပေါင် | (၁.၆၉)လက်မ |
| မော်လမြိုင် | (၁.၆၅)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ညောင်ဦး | ၄၀.၇°C |
| ချောက် | ၄၀.၆°C |
| မြင်းမူ | ၄၀°C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၉°C |
| ပခုက္ကူ | ၃၉°C |
| ဆင်ဖြူကျွန်း | ၃၉°C |
| မကွေး | ၃၈.၅°C |
| မင်းဘူး | ၃၈.၄°C |
| မြင်းခြံ | ၃၈.၂°C |
| စစ်ကိုင်း | ၃၇.၅°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၁ |
| ရှမ်း(မြောက်) | ၂၀ | ၂၇ |
| ရှမ်း(အရှေ့) | ၂၀ | ၃၂ |
| ရှမ်း(တောင်) | ၁၉ | ၂၉ |
| ချင်း | ၁၂ | ၂၀ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၅ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၇ |
| နေပြည်တော် | ၂၅ | ၃၅ |
| မန္တလေး | ၂၈ | ၃၉ |
| မကွေး | ၂၅ | ၃၈ |
| ရခိုင် | ၂၅ | ၃၅ |
| ပဲခူး | ၂၄ | ၃၄ |
| ရန်ကုန် | ၂၆ | ၃၁ |
| ဧရာဝတီ | ၂၃ | ၃၂ |
| ကယား | ၂၀ | ၃၃ |
| ကရင် | ၂၃ | ၃၀ |
| မွန် | ၂၃ | ၃၂ |
| တနင်္သာရီ | ၂၂ | ၃၂ |




# အမေရိကန်-ကျူးဘား ထိပ်တိုက်တွေ့ဆုံမှုကနေ ဘာတွေဆက်ဖြစ်လာနိုင်မလဲ

ကာရေဘီယံဒေသမှာ စစ်ဖြစ်တော့မယ့်အရိပ်အယောင်တွေ ပိုပြီးထင်ရှားလာနေသလို ခံစားလာရပါတယ်။ အမေရိကန်အစိုးရက ကျူးဘားအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့ဒဏ်ခတ်မှုတွေ ပိုမိုတင်းကျပ်လာသလို ဒေသအတွင်း စစ်အင်အားတွေကိုလည်း ထပ်မံဖြန့်ကြက်လာနေပါတယ်။ အဲဒါအပြင် သတိပေးခြိမ်းခြောက်သံတွေ၊ “အဆုံးစွန်အထိအရေးယူမယ်” ဆိုတဲ့ အသုံးအနှုန်းတွေ ပိုသုံးလာတာကြောင့် အမေရိကန်က ကျူးဘားကို စစ်ရေးအရတိုက်ရိုက်ဝင်ရောက်စွက်ဖက်နိုင်တဲ့အလားအလာဖြစ်ပေါ်နေပါတယ်၊ ဒါကိုပဲ မီဒီယာတွေနဲ့ မူဝါဒလေ့လာရေးအဖွဲ့တွေက အလေးအနက်ထားဆွေးနွေးလာနေကြပါတယ်။

ဒီလိုစိုးရိမ်မှုမြင့်တက်လာရတဲ့အကြောင်းရင်းက ရောကတ်စထရိုကို ထပ်မံစွပ်စွဲမှုတွေပေါ်ထွက်လာတာတစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ ကျူးဘားကမ်းလွန်မှာ USS Nimitz လေယာဉ်တင်စစ်သင်္ဘောအုပ်စုရောက်ရှိလာတာ၊ စွမ်းအင်ပိတ်ဆို့မှုတွေ ပိုမိုပြင်းထန်လာတာ၊ “ဒရုန်းအန္တရာယ်” ဆိုတဲ့ စကားလုံးတွေကို အမေရိကန်ဘက်က ပိုမိုသုံးလာတာ၊ ထရမ့်အစိုးရက ကျူးဘားကို သူတို့ရဲ့ အင်အားသုံးနိုင်ငံခြားရေးမူဝါဒအတွက် နောက်ထပ်ပစ်မှတ်အဖြစ်မြင်လာနေတယ်ဆိုတဲ့ ခံယူချက်တွေကြောင့်လည်းပါပါတယ်။ အမေရိကန်အစိုးရကတော့ အပြည့်အဝစစ်ဆင်ရေးလုပ်ဖို့မရှိဘူးလို့ တရားဝင်ပြောထားပေမယ့် လက်ရှိအခြေအနေတိုးတက်လာပုံကိုကြည့်ရင် ဒီလိုဖြစ်နိုင်ခြေကိုလုံးဝပယ်ချဖို့ ခက်ခဲလာပါတယ်။ အကယ်၍ ထိပ်တိုက်ရင်ဆိုင်မှုက စစ်ရေးအဆင့်ထိရောက်သွားမယ်ဆိုရင် အမေရိကန်ဘက်က ဘယ်လိုခြေလှမ်းတွေလှမ်းလာနိုင်မလဲ။ တိကျတဲ့ပိုင်းခြားတိုက်ခိုက်မှုလိုကန့်သတ်စစ်ဆင်ရေးနဲ့ပဲရပ်မလား၊ ကျူးဘားရဲ့ အခြေခံအဆောက်အအုံတွေဖျက်ဆီးဖို့ အကြီးစားလေကြောင်းတိုက်ခိုက်မှု လုပ်မလား၊ ဒါမှမဟုတ် ရေတပ်ပိတ်ဆို့မှုနဲ့ စီးပွားရေးဖိအားကို အသုံးချပြီး ရည်မှန်းချက်ကိုရောက်အောင် ကြိုးစားလာမလားဆိုတာ မေးခွန်းထုတ်စရာဖြစ်လာပါတယ်။

ဒါကြောင့် အမေရိကန်က ကျူးဘားကို စစ်ဆင်ရေးလုပ်မယ်ဆိုရင်ဖြစ်လာနိုင်တဲ့ အဓိကအခြေအနေတွေ၊ စစ်ရေးရည်ရွယ်ချက်တွေ၊ ဖြစ်ပေါ်လာနိုင်တဲ့အကျိုးဆက်တွေကို ဒီဆောင်းပါးမှာတင်ပြသွားမှာဖြစ်ပါတယ်။ စစ်ရေးတင်းမာမှုဖြစ်လာနိုင်မှုအတွက် အခြေခံအခြေအနေတွေကိုကြည့်ရင် ၂၀၂၆ ခုနှစ်မှာ အမေရိကန်နဲ့ ကျူးဘားဆက်ဆံရေးဟာ ဆယ်စုနှစ်များစွာအတွင်း အဆိုးဆုံးအခြေအနေကိုရောက်လာပါတယ်၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်မှာ အမေရိကန်သမ္မတက ကျူးဘားအစိုးရကြောင့်ဖြစ်ပေါ်လာနိုင်တဲ့အန္တရာယ်များကို တန်ပြန်ခြင်းဆိုတဲ့အမိန့်စာကို လက်မှတ်ရေးထိုးခဲ့ပြီး ဟာဗားနားအစိုးရမူဝါဒကို အမေရိကန်အမျိုးသားလုံခြုံရေးအတွက် အန္တရာယ်တစ်ခုအဖြစ် သတ်မှတ်လိုက်ပါတယ်။ ကျူးဘားဟာ အကြမ်းဖက်မှုကိုထောက်ပံ့တဲ့ နိုင်ငံများစာရင်းမှာ ဆက်ရှိနေဆဲဖြစ်တာကြောင့် နိုင်ငံတကာဘဏ္ဍာရေးစနစ်အများစုကနေ လက်တွေ့ကျကျ ဖြတ်တောက်ခံထားရပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း အလွန်ကန့်သတ်ခံထားရပါတယ်။ ဒီလိုအခြေအနေအောက်မှာတော့ ဘယ်လိုအခြေအနေမျိုးမဆို ဖြစ်လာနိုင်တယ်လို့ဆိုရမှာပါ။

အမေရိကန်ဘက်ကကြည့်ရင် စစ်ရေးနည်းလမ်းသုံးဖို့ အခြေခံအဆင်သင့်အနေအထားတောင် ရှိနေပြီးသားလို့မြင်ထားပါတယ်။ ဂွမ်တာနာမိုပင်လယ်အော်ရှိအမေရိကန်ရေတပ်စခန်းကလည်း ဒေသတွင်းအင်အားပြနိုင်ဖို့ အရေးပါတဲ့အခြေစိုက်နေရာအဖြစ်




ဆက်ရှိနေပါတယ်။ အဲဒီအပြင် အမေရိကန်ပြည်မကြီးကနေ အင်အားဖြည့်တပ်ဖွဲ့တွေနဲ့ စစ်လက်နက်ပစ္စည်းတွေကိုပို့ဆောင်နိုင်ပါတယ်။ လက်ရှိမှာ ကာရေဘီယံဒေသအတွင်း အမေရိကန်စစ်သင်္ဘော ၁၀ စင်းကျော်၊ အမေရိကန်စစ်သည် ၁၀၀၀၀ ကျော် လှုပ်ရှားနေတယ်လို့ဆိုပါတယ်။ ကျူးဘားဘက်မှာတော့ အချိန်မရွေးအသုံးပြုနိုင်တဲ့ တပ်ဖွဲ့ဝင် ၅၀၀၀၀ ခန့်ရှိနေပါတယ်။ တင့်ကား ၂၀၀ နီးပါး၊ အမြောက်စနစ် ၅၀၀ ကျော်၊ အသေးစားရေတပ်၊ လေတပ်နဲ့ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့တွေရှိနေပါတယ်၊ အရေးကြီးဆုံးကတော့ ကျူးဘားခေါင်းဆောင်ပိုင်းဟာ ပြည်သူတစ်ရပ်လုံးပါဝင်တဲ့စစ်ပွဲဆိုတဲ့ စစ်ဆင်ရေးသဘောတရားကို အားထားနေဆဲဖြစ်ပါတယ်။ အဲဒီသဘောတရားဟာ ပြည်သူလူထုတစ်ရပ်လုံး စစ်ဆင်ရေးထဲပါဝင်လာနိုင်ဖို့၊ စစ်ဘက်ကို စီးပွားရေးနဲ့ နိုင်ငံရေးစနစ်အတွင်း ပေါင်းစည်းထားဖို့၊ ရေရှည်မညီမျှတဲ့ ခံစစ်ဆင်စစ်ဆင်ရေးအတွက် ပြင်ဆင်ထားဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။

ပထမဆုံးစဉ်းစားနိုင်တဲ့ အခြေအနေကတော့ အမေရိကန်က ဗင်နီဇွဲလားအပေါ် လုပ်ဆောင်ဖူးတဲ့ပုံစံမျိုးနဲ့ ဆင်တူပါတယ်။ အဓိကခေါင်းဆောင်တွေ၊ အမိန့်ပေးစနစ်တွေ၊ ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံတွေကို တိတိကျကျဖျက်ဆီးနိုင်ဖို့ ရည်ရွယ်ထားတဲ့ ပိုင်းခြားတိုက်ခိုက်မှုဖြစ်ပါတယ်။ ဒီစစ်ဆင်ရေးမှာ အမေရိကန် အမှတ်(၄)ရေယာဉ်စုမှ စစ်သင်္ဘောတွေနဲ့ ရေငုပ်သင်္ဘောတွေက ပစ်လွှတ်တဲ့ Tomahawk ဒုံးကျည်တွေ၊ MQ–9 Reaper ဒရုန်းတိုက်ခိုက်မှုတွေ၊ အထူးတပ်ဖွဲ့စီးနင်းမှုတွေ ပါဝင်လာနိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုကန့်သတ်တိုက်ခိုက်မှုလေးကတောင် ကြီးမားတဲ့စစ်ပွဲတစ်ခုအဖြစ် ပြောင်းလဲသွားနိုင်တဲ့ အန္တရာယ်ရှိနေပါတယ်။ အကြီးမားဆုံးစိုးရိမ်စရာကတော့ ကျူးဘားဘက်က ဂွမ်တာနာမိုအခြေစိုက်စခန်းကို အချိုးမညီတုံ့ပြန်မှု ပြုလုပ်လာနိုင်တာဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ဒီလိုတိုက်ခိုက်မှုကို ပြင်းပြင်းထန်ထန်ရှုတ်ချလာနိုင်ပါတယ်။ အကယ်၍ စစ်ဘောင်ကပိုကျယ်ပြန့်လာမယ်ဆိုရင် အမေရိကန်အနေနဲ့ စစ်သည်တွေ၊ စစ်လက်နက်တွေ ထပ်မံပို့ဆောင်ရနိုင်ပြီး ဂွမ်တာနာမိုပတ်ဝန်းကျင်နဲ့ ကျူးဘားပြည်တွင်းအထိ မြေပြင်တိုက်ပွဲတွေမှာ နစ်မြုပ်သွားနိုင်ပါတယ်။ ဒါပေမဲ့ အမေရိကန်အထူးတပ်ဖွဲ့တွေက ဗင်နီဇွဲလားမှာရရှိခဲ့တဲ့အောင်မြင်မှုမျိုး ထပ်ရနိုင်မယ်ဆိုရင် ကန့်သတ်စစ်ဆင်ရေးဟာ ရည်မှန်းချက်ကို အကျိုးဆက်နည်းနည်းနဲ့ အောင်မြင်သွားနိုင်တဲ့ အလားအလာလည်း ရှိနေပါတယ်။

ဒုတိယအခြေအနေက အမေရိကန်နဲ့ အစ္စရေးတို့ အီရန်အပေါ်လုပ်ဆောင်ခဲ့တဲ့ ပူးတွဲတိုက်ခိုက်မှုမျိုးနဲ့ ပိုဆင်တူပါတယ်။ ကျူးဘားရဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေကိုဖျက်ဆီးဖို့၊ စစ်ဘက်အခြေခံအဆောက်အအုံတွေကို ချေမှုန်းဖို့၊ ထိပ်သီးပိုင်းကခေါင်းဆောင်တွေရဲ့ စိတ်ဓာတ်ကိုရိုက်ချိုးဖို့ ရည်ရွယ်တဲ့ အကြီးစားလေကြောင်းတိုက်ခိုက်မှုစစ်ဆင်ရေးဖြစ်ပါတယ်။ ဒီစစ်ဆင်ရေးမှာ B–1B၊ B–2၊ B–52H တို့လို မဟာဗျူဟာဗုံးကြဲလေယာဉ်တွေ ပါဝင်လာနိုင်ပြီး JASSM ဒုံးကျည်တွေနဲ့ JDAM တိကျပဲ့ထိန်းဗုံးတွေ အသုံးပြုလာနိုင်ပါတယ်။ လေယာဉ်တင်သင်္ဘောပေါ်က F/A–18E/F Super Hornet နဲ့ F–35C တိုက်လေယာဉ်တွေကလည်း အဓိကအခန်းကဏ္ဍမှာ ပါဝင်လာနိုင်ပါတယ်။ ရေဒါနဲ့ ဆက်သွယ်ရေးစနစ်တွေကို နှောင့်ယှက်ဖို့ EA–18G Growler အီလက်ထရွန်နစ်စစ်ဆင်ရေးလေယာဉ်တွေ အသုံးပြုလာနိုင်ပါတယ်။ ကျူးဘားဘက်က ဘယ်လိုတုံ့ပြန်မလဲဆိုတာလည်း စိတ်ဝင်စားစရာပါ။ ကျူးဘားရဲ့ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်က အများအားဖြင့် ဆိုဗီယက်ခေတ် S–75 နဲ့ S–125 စနစ်ဟောင်းတွေကို အခြေခံထားဆဲဖြစ်ပေမယ့် အချို့အဆင့်မြှင့်တင်မှုတွေရှိထားနိုင်ပါတယ်။ အပေါ့စားလေကြောင်းရန်ကာကွယ်ရေးလက်နက်တွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာနိုင်ပါတယ်။ အဓိကမေးခွန်းကတော့ အီလက်ထရွန်နစ်တိုက်ခိုက်မှုနဲ့ လေကြောင်းတိုက်ခိုက်မှုတွေ ဆက်တိုက်ကြုံနေရတဲ့အချိန်မှာ ကျူးဘားတပ်တွေဟာ အချင်းချင်း ဆက်သွယ်ညှိနှိုင်းနိုင်မလား၊ အချိန်နှင့်တစ်ပြေးညီ ပစ်မှတ်အချက်အလက်တွေ မျှဝေနိုင်မလားဆိုတာပါပဲ။ အဲဒီလိုအခြေအနေအောက်မှာ အမေရိကန်ရဲ့လေကြောင်းတိုက်ခိုက်မှုကို အောင်မြင်စွာ ကာကွယ်နိုင်ဖို့ အခွင့်အလမ်းကနည်းပါးပေမယ့် လုံးဝမရှိဘူးလို့တော့ မပြောနိုင်ပါဘူး။

တတိယအခြေအနေကတော့ ပိုပြီးရေရှည်ဆန်ပါတယ်။ ရေတပ်ပိတ်ဆို့မှုနဲ့ စီးပွားရေးဖိအားကို ပေါင်းစပ်အသုံးပြုပြီး တိုက်ရိုက်စစ်ရေးဝင်ရောက်မှုမရှိဘဲ နိုင်ငံရေးပြောင်းလဲမှုဖြစ်လာအောင် ဖိအားပေးတဲ့နည်းလမ်းဖြစ်ပါတယ်။ လက်တွေ့မှာတော့ ဒီမဟာဗျူဟာရဲ့ အစိတ်အပိုင်းတချို့ကိုမြင်တွေ့နေရပြီးသားပါ။ ကျွန်းနိုင်ငံဆီ လောင်စာဆီနဲ့ စွမ်းအင်ပစ္စည်းတွေပို့ဆောင်ဖို့ ကြိုးစားတဲ့သင်္ဘောတွေကို ကြားဖြတ်ဖမ်းဆီးတာ၊ တားဆီးတာတွေ ပိုမိုများလာနိုင်ပါတယ်။ အမေရိကန်ဘက်ကကြည့်ရင် ဒီနည်းလမ်းက တပ်ဖွဲ့အများကြီးမလိုအပ်သလို တင်းမာမှု မြန်မြန်တက်သွားနိုင်တဲ့ အန္တရာယ်လည်းနည်းပါတယ်။ ဒါပေမဲ့ ပြဿနာက ကျူးဘားဟာ ဆယ်စုနှစ်များစွာပိတ်ဆို့ခံထားရသလို အခြေအနေမျိုးအောက်မှာ နေလာခဲ့တဲ့နိုင်ငံဖြစ်တာပါ။ ဒါကြောင့် ဖိအားထပ်တိုးတာတစ်ခုတည်းနဲ့ နိုင်ငံရေးပြောင်းလဲမှုကြီးကြီးမားမားဖြစ်လာမယ်လို့ အာမခံလို့မရပါဘူး။ အဲဒီအတွက် အမေရိကန်ဟာ သူတို့ရဲ့ မဟာဗျူဟာရည်မှန်းချက်ကို မရောက်နိုင်ဘဲ ဖြစ်သွားနိုင်ပါတယ်။ ဒီအခြေအနေတွေထက်ကျော်လွန်တဲ့ တခြားဖြစ်နိုင်ခြေတွေကိုလည်း ပယ်ချလို့မရပါဘူး။ ဥပမာအားဖြင့် ကျွန်းပေါ်မှာ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းဖြစ်ပေါ်လာတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ လူသားချင်းစာနာမှုဆိုင်ရာဝင်ရောက်စွက်ဖက်မှုလုပ်လာနိုင်ပါတယ်။

ဒါပေမဲ့ အရာအားလုံးက ကျူးဘားပြည်သူတွေ ဘယ်လိုတုံ့ပြန်မလဲဆိုတဲ့အပေါ် မူတည်နေပါတယ်။ ပြည်သူတွေက အစိုးရဘက်ကို စည်းလုံးထောက်ခံလာမယ်ဆိုရင် လူသားချင်းစာနာမှုစစ်ဆင်ရေးဟာ ပြောက်ကျားတပ်တွေနဲ့ တိုက်ခိုက်ရတဲ့ စစ်ဆင်ရေးအဖြစ် မြန်မြန်ပြောင်းလဲသွားနိုင်ပြီး တင်းမာမှုကို ပိုကြီးထွားလာစေနိုင်ပါတယ်၊ အရေးကြီးဆုံးပြောင်းလဲနိုင်တဲ့အချက်တစ်ခုကတော့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ရပ်တည်ချက်ပါပဲ။ အထူးသဖြင့် ရုရှားနဲ့

စာမျက်နှာ ၂၄ သို့ ●

● စာမျက်နှာ ၂၃ မှအဆက်

တရုတ်တို့ရဲ့သဘောထားက အရေးပါပါတယ်။ သီအိုရီအရပြောရရင် အမေရိကန်က ကျူးဘားအပေါ် ရန်လိုတဲ့ခြေလှမ်းတွေ လှမ်းလာမယ်ဆိုရင် လက်တင်အမေရိကတစ်လွှားမှာ အမေရိကန်ဆန့်ကျင်ရေးစိတ်ခံစားချက်တွေ ပိုမိုကြီးထွားလာနိုင်ပါတယ်။

အဲဒါအပြင်အမေရိကန်ဟာ ကျွန်းပေါ်မှာ ရေရှည်စစ်ဆင်ရေးတစ်ခုထဲ နစ်မြုပ်သွားမယ်ဆိုရင် ထရမ့်အစိုးရကို အမေရိကန်ပြည်တွင်းကနေ ပြင်းထန်တဲ့ နိုင်ငံရေးတုံ့ပြန်မှုတွေ ထွက်ပေါ်လာနိုင်ပါတယ်။ အီရန်ပဋိပက္ခကလည်း မပြီးသေးတဲ့အချိန်မှာ ထရမ့်အနေနဲ့ အမေရိကန်ရဲ့ အိမ်နားတံခါးဝမှာ နောက်ထပ်ပထဝီနိုင်ငံရေးခေါင်းကိုက်စရာတစ်ခုမလိုချင်နိုင်ပါဘူး။ သူလိုချင်တာက မြန်မြန်ဆန်ဆန်နဲ့ ရိုးရှင်းပြီး သွေးထွက်သံယိုနည်းတဲ့ ဖြေရှင်းချက်တစ်ခုသာဖြစ်နိုင်ပါတယ်။ ဒါကြောင့် သင်္ကေတဆန်တဲ့ သံတမန်ရေးအပေးအယူတစ်ခု ဒါမှမဟုတ် အချိန်တိုအတွင်း ထိန်းချုပ်ထားနိုင်တဲ့စစ်ဆင်ရေးတစ်ခုကပဲ အများဆုံးဖြစ်လာနိုင်တဲ့ အခြေအနေဖြစ်နေပါတယ်။ လက်ရှိအချိန်မှာတော့ မြေပုံကိုစောင့်ကြည့်ရုံနဲ့အချိန်ကို စောင့်ကြည့်ရုံပဲကျန်ပါတော့တယ်။ ။

ထက်မြွတ်

Ref: RT

# ကလေးများအတွက် ဆိုရှယ်မီဒီယာက ဆေးလိပ်သောက်သကဲ့သို့ ဆိုးကျိုးများဟု ဗြိတိန်ဆရာဝန်များပြော




**လန်ဒန်၊ ကျန်းမာရေး**

ကလေးငယ်များအနေဖြင့်ဆိုရှယ်မီဒီယာအသုံးပြုမှုသည် ၎င်းတို့အတွက်ဆေးလိပ်သောက်သကဲ့သို့ ဆိုးကျိုးများကြောင်း ဗြိတိန်ဆရာဝန်များက မေလ ၂၆ ရက်တွင် ပြောသည်။ ထို့ပြင် ကလေးငယ်များအနေဖြင့် ဖန်သားပြင်ကြည့်ရှုအသုံးပြုမှုအချိန်လွန်ကဲခြင်းသည် အလွန်အန္တရာယ်များသောကြောင့် လွှတ်တော်အမတ်များအနေဖြင့် ထိုကိစ္စကိုကိုင်တွယ်ရန် ဆရာဝန်များက တောင်းဆိုထားသည်။

အစိုးရအဖွဲ့ကလုပ်ဆောင်သည့်ကလေးများကိုအွန်လိုင်းအသုံးပြုခြင်းမှကာကွယ်ရေးနှီးနှောဖလှယ်ပွဲ၌ ဆေးဘက်ဆိုင်ရာတော်ဝင်ကောလိပ်များအကယ်ဒမီမှ ဆရာဝန်များက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။ ထိုအကယ်ဒမီမှဆရာဝန် ၁၃၂ ဦးအနက် ထက်ဝက်ခန့်သည် နည်းပညာနှင့် နည်းပညာသုံးပစ္စည်းများကြောင့် ကလေးများထိခိုက်ရမှုကို သီတင်းပတ်တစ်ပတ်လျှင် တစ်ဦးနှုန်းဖြင့်တွေ့လာရကြောင်းနှင့် ၎င်းတို့အနက်သုံးပုံတစ်ပုံသည် သီတင်းပတ်တစ်ပတ်အတွင်းမှာပင် ဆေးခန်းအကြိမ်ကြိမ်ပြရသူများဖြစ်ကြောင်း ဆရာဝန်များကပြောသည်။

ကလေးများဆိုရှယ်မီဒီယာအသုံးပြုမှုလွန်ကဲခြင်းကြောင့် မဖွယ်မရာအခြေအနေများကိုစမ်းသပ်ရာမှ ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများရမှုမှသည် အကြမ်းဖက်မှုများကိုကြည့်ရှုရခြင်းကြောင့် စိတ်ဒဏ်ရာရခြင်းကဲ့သို့ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများအထိဖြစ်ရကြောင်း ဆရာဝန်များ၏ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ လက်ရှိတွင် ဗြိတိန်အစိုးရက အသက် ၁၆ နှစ်အောက်ကလေးများကို ဆိုရှယ်မီဒီယာအသုံးပြုမှုကန့်သတ်ရန် စီစဉ်နေသည်။

Ref: AGC

# တောင်ကိုရီးယား၌ ခုံးကျော်တံတားပြိုကျ သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

**ဆိုး၊ မတော်တဆမှု**

တောင်ကိုရီးယားနိုင်ငံ၌ မေလ ၂၆ ရက်တွင် ခုံးကျော်တံတားတစ်စင်းပြိုကျမှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း Yonhap သတင်းဌာနက ဖော်ပြထားသည်။ ဆိုးမြို့၌ ခုံးကျော်တံတားဖြိုချရေးလုပ်ငန်းလုပ်ဆောင်နေစဉ် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ခုံးကျော်တံတားအပေါ်ပိုင်းက ပြိုကျလာခြင်းဖြစ်သည်။

ခုံးကျော်တံတား ဖြိုချရေးဝန်ထမ်းနှစ်ဦးသည် အခင်းဖြစ်ပွားရာနေရာ၌ပင်သေဆုံးကာ ဒဏ်ရာရရှိသူလေးဦးအနက်တစ်ဦးသည် ရရှိထားသည့်ဒဏ်ရာများဖြင့် ဆေးရုံ၌သေဆုံးသွားခြင်းဖြစ်သည်။ ကျန်ရှိသူသုံးဦးမှာလည်း နောက်ကျော၊ ဦးခေါင်းနှင့် နံရိုးတို့တွင်ဒဏ်ရာများရရှိထားသည်။

အခင်းဖြစ်ပွားချိန်တွင် လူ ၁၂ ဦးရှိနေသော်လည်း ခြောက်ဦးမှာ ခုံးကျော်တံတားပြိုကျချိန်တွင် အချိန်မီပြေးထွက်နိုင်ခဲ့ကြောင်းနှင့် ၁၉၆၆ ခုနှစ်၌တည်ဆောက်ထားသည့် ခုံးကျော်တံတားကို ဖြိုချနေခြင်းဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# work-from-home မူဝါဒက စက်သုံးဆီချွေတာရေးအတွက် ထိရောက်မှုရှိဟုဆို

**ဂျကာတာ၊ စက်သုံးဆီ**


အရှေ့အလယ်ပိုင်းဒေသ၌ ပဋိပက္ခများဖြစ်ပွားမှုကြောင့် စက်သုံးဆီထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုများဖြစ်ပေါ်နေစဉ် ဝန်ထမ်းများကို နေအိမ်မှအလုပ်လုပ်စေသည့် work-from-home မူဝါဒသည် စက်သုံးဆီချွေတာရေးအတွက် ထိရောက်မှုရှိကြောင်း အင်ဒိုနီးရှားစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးက မေလ ၂၆ ရက်တွင်ပြောသည်။

အင်ဒိုနီးရှားအစိုးရက စက်သုံးဆီများဝယ်ယူမှုအတွက် ကုန်ကျစရိတ်တချို့ကို စိုက်ထုတ်ပေးနေခြင်းဖြစ်ပြီး အဆိုပါမူဝါဒကြောင့်ပြီးခဲ့သည့်နှစ်လအတွင်း စက်သုံးဆီအသုံးပြုမှု ၉ ရာခိုင်နှုန်း ကျဆင်းသွားသည့်အတွက် ယင်းမူဝါဒကို ဆက်လက်အကောင်အထည်ဖော်ရန် အစိုးရက ဆုံးဖြတ်ထားကြောင်း ၎င်းကပြောသည်။

ထို့ပြင် အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအတွက် work-from-home အလှည့်ကျအစီအစဉ်အသစ်၊ နိုင်ငံရေးစီးပွားရေးလုပ်ငန်းများမှဝန်ထမ်းများအတွက် လမ်းညွှန်ချက်အသစ်တို့ကို မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍအတွက်မူ သက်ဆိုင်ရာတာဝန်ရှိသူများက ပြင်ဆင်နေကြောင်းသိရသည်။

Ref: Xinhua

# တောင်ကိုရီးယားက ၂၀၃၀ ပြည့်နှစ်တွင် နျူကလီးယားရေငုပ်သင်္ဘောကို ရေချရန်ရည်ရွယ်



**ဆိုး၊ စစ်ရေး**

တောင်ကိုရီးယားနိုင်ငံက ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ၏ပထမဆုံးသောနျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောကို ရေချနိုင်ရန် ရည်ရွယ်ထားကြောင်း တာဝန်ရှိသူများက မေလ ၂၆ ရက်တွင်ပြောသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်သော နျူကလီးယားနှင့်ဒုံးကျည်အန္တရာယ်များကို တုံ့ပြန်နိုင်ရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ခိုင်မာတဲ့တောင်ကိုရီးယား-အမေရိကန်မဟာမိတ်ဆက်ဆံရေးအပေါ်အခြေခံပြီး နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောကိုတည်ဆောက်မှာဖြစ်ပါတယ်။ ဒီရေငုပ်သင်္ဘောဟာကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအတွက် တာဝန်ရှိလာမှာပါ"ဟု တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က အနာဂတ်ကာကွယ်ရေးမဟာဗျူဟာကော်မတီတွင်ပြောသည်။

အဆိုပါရေငုပ်သင်္ဘောသည် အဆင့်နိမ့်သန့်စင်ထားသည့် ယူရေနီယံကိုလောင်စာအဖြစ်အသုံးပြုမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၌သာထုတ်လုပ်သွားမည်ဖြစ်ကြောင်းနှင့်အဆိုပါအစီအစဉ်သည်အနာဂတ်တွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများတည်ဆောက်နိုင်ရေးအတွက် အခြေခံအဆင့်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး အန်ဂျူဘက်ကပြောထားသည်ဟု သိရသည်။

Ref: AGC

# အမေရိကန်က အီရန်၏ဒုံးကျည်စခန်းများနှင့် မိုင်းခင်းရေယာဉ်များကိုတိုက်ခိုက်

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်က အီရန်နိုင်ငံတောင်ပိုင်းရှိ ဒုံးကျည်စခန်းများနှင့် မိုင်းခင်းရေယာဉ်များကို မေလ ၂၅ ရက်က တိုက်ခိုက်မှုများလုပ်ကြောင်း အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်ကထုတ်ပြန်ထားသည်။ အီရန်တပ်ဖွဲ့များကြောင့် အမေရိကန်တပ်ဖွဲ့များအပေါ်ကျရောက်လာနိုင်သောအန္တရာယ်များကို ကြိုတင်ကာကွယ်သည့်အနေဖြင့် အီရန်နိုင်ငံတောင်ပိုင်း၌ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်ကြောင်း စစ်ဌာနချုပ်မှပြောရေးဆိုခွင့်ရှိသူ တင်ဟော့ကင်းက ပြောသည်။

"အမေရိကန်ရဲ့ပစ်မှတ်တွေထဲမှာ အီရန်ရဲ့ဒုံးကျည်ပစ်လွှတ်တဲ့နေရာတွေ၊ မိုင်းခင်းဖို့အတွက်ကြိုးစားနေတဲ့ ရေယာဉ်တွေပါဝင်ပါတယ်။ အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်အနေနဲ့ လက်ရှိအပစ်အခတ်ရပ်စဲရေးကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်တွေကိုကာကွယ်ဖို့အတွက် ထိန်းထိန်းသိမ်းသိမ်းနဲ့ဆက်လက်ဆောင်ရွက်သွားပါမယ်"ဟု တင်ဟော့ကင်း၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုတိုက်ခိုက်လိုက်သည့်နေရာသည် အီရန်၏အဓိကရေတပ်စခန်းဌာနချုပ်ရှိရာ ဘန်ဒါအာဘတ်ဒေသဖြစ်ပြီး အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ရေယာဉ်နှစ်စင်းကိုဖျက်ဆီးနိုင်ကာ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စခန်းထိမှန်သွားကြောင်းသိရသည်။

Ref: Xinhua



# အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် (ပထမ)အကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် မေ ၂၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် (ပထမ)အကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက်ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

အလားတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအား (ပထမ)အကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး စစ်မှုထမ်းဟောင်းမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

# အေးသာယာမြို့၊ စစ်မှုထမ်းဟောင်းအိမ်ရာရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာများပေးအပ်

နေပြည်တော် မေ ၂၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အေးသာယာမြို့၊ စစ်မှုထမ်းဟောင်းအိမ်ရာရှိ မိသားစုဝင်များ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် စစ်မှုထမ်းဟောင်းမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံလည်ပတ်နိုင်ရေးဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ TPE Co., Ltd.နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)ရှိ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ (Heat Recovery Power Station-HRPS) လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုကို မေလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် စက်ရုံအောင်မြင်စွာ စတင်လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များအလိုက် အသေးစိတ်စစ်ဆေးဆောင်ရွက်ရေး၊ လိုအပ်သည့်ပစ္စည်းဖြည့်တင်းမှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ HRPS ပြီးစီးပါက Romelt Furnace ၏ Waste Heat Boiler မှ ထွက်ရှိလာသည့် စွန့်ပစ်အပူကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ပြီး သံမဏိစက်ရုံ၏ သံရည်ကျိုလုပ်ငန်းအတွက် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားဖြင့် လည်ပတ်စေမည့်အပြင် ပိုလျှံလျှပ်စစ်ဓာတ်အားများအား National Grid သို့ ပို့လွှတ်ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## ထူးခြားသည့်နေ့အပူချိန်များ

၂၆-၅-၂၀၂၆

| | | | |
|---|---|---|---|
| ညောင်ဦး | ၄၀ ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၈ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၈ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၆

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

▼ **ကျောဖုံးမှအဆက်**

လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန် သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။

(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍မြင့်သောနေရာတွင်ထားရှိပါ။

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ။

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။ အခြားသူများကိုမျှဝေပါ။

(ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အားရေးသားပြီး မိသားစုဝင်တိုင်းယူဆောင်ထားပါ။

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကိုပိတ်ထားပါ။

(ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ။

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်။

(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့မသွားပါနှင့်။

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ်ခြင်းများပြုလုပ်ပါ။

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကိုဂရုပြုပါ။

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကိုမယုံပါနှင့်။

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။

(ဇ) ရေစိုပြီးအနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်။

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့ကိုဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူများ ရန်ကုန်မြို့သို့ရောက်ရှိလာပြီး လေ့လာရေးခရီးစဉ်များဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၆

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှလေကြောင်းလူငယ်သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူများသည် မေလ ၂၅ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုအမှာစကားပြောကြားမှုကို ခံယူပြီးနောက် လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ တပ်မတော်လေယာဉ်များ၊ Diesel Electric Multiple Unit(DEMU) မီးရထားများဖြင့် ပြောင်းရွှေ့အခြေပြုကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြသည်။

အဆိုပါ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် ရန်ကုန်မြို့သို့ ပြေးဆွဲမည့် DEMU လူစီးအမြန်ရထားများစီးနင်းရန် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိကြသည်။ ထို့နောက် နေပြည်တော်-ရန်ကုန် ရထားလမ်းတစ်လျှောက် DEMU လူစီးအမြန်ရထားများဖြင့် ထွက်ခွာလာရာ ပျဉ်းမနားဘူတာ၊ တောင်ငူဘူတာ၊ ဖြူးဘူတာ၊ ဒိုက်ဦးဘူတာ၊ ပဲခူးဘူတာနှင့် တိုးကြောင်ကလေး ဘူတာတို့တွင် ခေတ္တရပ်နားကြသည်။ လေကြောင်းလူငယ်သင်တန်းသားများက နေပြည်တော်-ရန်ကုန်ရထားလမ်းတစ်လျှောက် ဖြတ်သန်းခဲ့ကြသည့် မြို့၊ ရွာနှင့် တံတားများအား ဒေသန္တရဗဟုသုတအဖြစ် လေ့လာမှတ်သားခဲ့ကြသည်၊ ၎င်းနောက်လေကြောင်းလူငယ်သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများ လိုက်ပါလာသော DEMU လူစီးအမြန်ရထားများသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်ကြပြီး ရန်ကုန်ဘူတာကြီးမှတစ်ဆင့် ရန်ကုန်မြို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ ပြောင်းရွှေ့အခြေပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် လေကြောင်းလူငယ်သင်တန်းသားများအား ပြခန်းခန်းမဆောင်တွင် ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု(တိုမိုဂရမ်)နမူနာပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖို အမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများမှ ထွက်ရှိသော ရေဒီယိုသတ္တိကြွမှု တိုင်းတာဖော်ပြသည့်စက်များ၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းတွင် ပါဝင်သည့်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံများကို 3 D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့်ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့အား တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများအား ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုလျက်ရှိသည့် ပိုစတာများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာတွင် လေ့လာကြစဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများ နေပြည်တော်မှ ရန်ကုန်သို့ ပြေးဆွဲသည့် DEMU လူစီးအမြန်ရထားကို လိုက်ပါစီးနင်းကြစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဟိုမိန်းဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကိုအားပေးမှုထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်ထွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် စပိန်အသင်းကစားသမားစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမားများ ပါဝင်ခြင်းမရှိ



မက်ဒရစ် မေ ၂၆

နည်းပြဒီလာဖွန်တီထုတ်ပြန်သော ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် စပိန်အသင်းကစားသမားစာရင်းတွင် စပိန်လာလီဂါထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းမှ စပိန်ကစားသမားများ ပါဝင်ခြင်းမရှိကြောင်း သိရသည်။

ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် စပိန်လာလီဂါပြိုင်ပွဲ၌ ရှုံးကန်ခဲ့ရပြီး ဆုဖလားလက်မဲ့ရာသီနှင့် တွေ့ကြုံရပြီးနောက် နည်းပြဒီလာဖွန်တီကလည်း စပိန်အသင်းကစားသမားစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ စပိန်ကစားသမားများကို ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

အများအားဖြင့် နိုင်ငံတကာပြိုင်ပွဲများကစားမည့် စပိန်အသင်းကစားသမားစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းကစားသမားများအနေဖြင့် ပါဝင်လေ့ရှိသော်လည်း လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမားစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမားတစ်ဦးမျှ ပါဝင်လာခြင်းမရှိဘဲ ဒက်ရာကြောင့်အနားယူနေရသည့် ဘာစီလိုနာအသင်းမှ ယာမယ်ပါဝင်လာသည်။

စပိန်အသင်းကစားသမားစာရင်းတွင် ဂိုးသမားနေရာ၌ ဆိုင်မွန်၊ ဒေးဗစ်ရိုင်ယာ၊ ဂါစီယာ၊ ခံစစ်ကစားသမားနေရာ၌ မားကိုစ်လော်ရန်တီ၊ မက်ပူဘေးလ်၊ ပက်ဒရိုပေါ်ရို၊ လာပေါ်တီ၊ အဲရစ်ဂါစီယာ၊ ပါအူကူဘာစီ၊ ကူကူရယ်လာ၊ ဂါမယ်ဒို၊ ကွင်းလယ်ကစားသမားနေရာ၌ ရိုဒရီ၊ ဇူဘီမန်ဒီ၊ မိုရီနို၊ ပက်ဒရီ၊ ဂါဗီ၊ ဖေဘီယန်ရုဇ်၊ အဲလက်ဘန်နာ၊ တိုက်စစ်ကစားသမားနေရာ၌ ပီနို၊ မူနေ့ဇ်၊ အိုဘာဘာယ်ဇာ၊ ယာမယ်၊ ဖာရန်တောရက်စ်၊ အိုလ်မိုနှင့် နီကိုဝီလီယံတို့ ပါဝင်လာကြသည်။

စပိန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု (H)၌ ကိတ်ဗာဒီအသင်း၊ ဆော်ဒီအာရေဗျအသင်း၊ ဥရုဂွေးအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် ဇွန်လ ၁၅ ရက်တွင် ကိတ်ဗာဒီအသင်း၊ ဇွန်လ ၂၁ ရက်တွင် ဆော်ဒီအာရေဗျအသင်းနှင့် ဇွန်လ ၂၇ ရက်တွင် ဥရုဂွေးအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့်အသင်းများတွင် တစ်သင်းအပါအဝင်အဖြစ် ရပ်တည်နေကြောင်း သိရသည်။ *Ref;Top Skills Sports UK*

## ချန်ပီယံလိဂ်ဝင်ခွင့်ရရှိသော်လည်း နာပိုလီအသင်းနည်းပြရာထူးမှ နည်းပြကွန်တီနုတ်ထွက်

ရောမ မေ ၂၆

နာပိုလီအသင်းနည်းပြကွန်တီက ယခုဘောလုံးရာသီတွင် အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်သော်လည်း ရာသီအကုန်တွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

နည်းပြကွန်တီသည် ပြီးခဲ့သည့်ဘောလုံးရာသီက နာပိုလီအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ကာ ပထမဆုံးဘောလုံးရာသီတွင်ပင် အီတလီစီးရီးအေချန်ပီယံဆုဖလားဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြကွန်တီသည် ယခုဘောလုံးရာသီတွင် ချန်ပီယံဆုဖလားလက်လွှတ်ခဲ့ရသော်လည်း ရာသီအကုန်တွင် အဆင့်(၂)နေရာ၌ ရပ်တည်နိုင်စေရန်နှင့် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်သော်လည်း ရာသီအကုန်တွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြကွန်တီသည် လက်ရှိတွင် နည်းပြသစ်ရာထူးအတွက် မည်သည့်အသင်းနှင့်မှ သတင်းထွက်ပေါ်ခြင်းမရှိသေးသော်လည်း အီတလီအသင်းကို ကိုင်တွယ်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

## အီတလီစီးရီးအေပြိုင်ပွဲပြီးဆုံးချိန်တွင် ဂျူဗင်တပ်စ်အသင်းနှင့် အေစီမီလန်အသင်းတို့ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်

ရောမ မေ ၂၆

ယခုဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲပြီးဆုံးချိန်တွင် စီးရီးအေထိပ်တန်းအသင်းနှစ်သင်းဖြစ်သည့် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့ လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ခဲ့ကြောင်း သိရသည်။

ယခုဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲ၌ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် အင်တာမီလန်အသင်းနှင့် ဒုတိယနေရာမှ နာပိုလီအသင်းတို့က ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် သေချာခဲ့ပြီး လက်ကျန်နှစ်နေရာအတွက် အေစီမီလန်အသင်း၊ ဂျူဗင်တပ်စ်အသင်း၊ ရိုးမားအသင်းနှင့် ကိုမိုအသင်းတို့က အဆုံးအဖြတ်ကစားခဲ့ရခြင်းဖြစ်သည်။

နောက်ဆုံးပွဲစဉ်တွင် ရိုးမားအသင်းက ဗီရိုနာအသင်းကို ၂ ဂိုး - ဂိုးမရှိ၊ ကိုမိုအသင်းက ခရီမိုနီစီအသင်းကို ၄ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိကြပြီး ဂျူဗင်တပ်စ်အသင်းသည် တိုရီနိုအသင်းနှင့်ကစားရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ကာ အေစီမီလန်အသင်းက ကက်ဂလီယာရီအသင်းကို အိမ်ကွင်း၌ ၁ ဂိုး- ၂ ဂိုးဖြင့် ရှုံးနိမ့်၍ နိုင်ပွဲပျောက်ဆုံးခဲ့သည်။ လာမည့်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှစ်နေရာအတွက် ရိုးမားအသင်းနှင့်ကိုမိုအသင်းတို့က ဝင်ခွင့်ရရှိခဲ့ကြသည်။

အဆိုပါနောက်ဆုံးပွဲစဉ်တွင် ဂျူဗင်တပ်စ်အသင်းနှင့် အေစီမီလန်အသင်းတို့သည် မဖြစ်မနေအနိုင်ရလဒ်လိုအပ်နေသော်လည်း နိုင်ပွဲပျောက်ဆုံးခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် အေစီမီလန်အသင်းအနေဖြင့် နှစ်ရာသီဆက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ခဲ့ရကြောင်း သိရသည်။

*Ref;Fotmob*




## ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည့် အာဆင်နယ်အသင်း ဆုကြေးငွေ စတာလင်ပေါင် ၁၉၈ ဒသမ ၇ သန်းရရှိ

လန်ဒန် မေ ၂၆

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည့် အာဆင်နယ်အသင်းသည် ဆုကြေးငွေအဖြစ် စတာလင်ပေါင် ၁၉၈ ဒသမ ၇ သန်းရရှိခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ဆုကြေးငွေပေးအပ်မှုများတွင် ရာသီအလိုက် တူညီခြင်းမရှိဘဲ ပြည်တွင်း၊ ပြည်ပရုပ်သံဝင်ငွေများနှင့် တခြားစပွန်ဆာရရှိမှုပေါ်မူတည်ပြီး တွက်ချက်ပေးအပ်ခြင်းဖြစ်ကာ အမှတ်ပေးဇယား အဆင့်သတ်မှတ်ချက်အလိုက် အဆင့်(၁)နေရာမှ အဆင့်(၂၀)နေရာအထိ ပေးအပ်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် လီဗာပူးအသင်းအနေဖြင့် ဆုကြေးငွေ စတာလင်ပေါင် ၁၇၄ ဒသမ ၉ သန်းသာ ရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် အာဆင်နယ်အသင်းက စတာလင်ပေါင် ၁၉၈ ဒသမ ၇ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီတွင် အဆင့်(၂)နေရာ၌ ရပ်တည်ခဲ့သည့် မန်စီးတီးအသင်းက စတာလင်ပေါင် ၁၉၂ ဒသမ ၅ သန်း၊ အဆင့်(၃)နေရာမှ မန်ယူအသင်းက ၁၉၀ ဒသမ ၅ သန်း၊ အဆင့်(၄)နေရာမှ အက်စ်တွန်ဗီလာအသင်းက ၁၈၂ ဒသမ ၆ သန်း၊ အဆင့်(၅)နေရာမှ လီဗာပူးအသင်းက ၁၈၁ ဒသမ ၂ သန်းရရှိခဲ့ပြီး အမှတ်ပေးဇယားအောက်ဆုံးနေရာဖြစ်သည့် အဆင့်(၂၀)နေရာ၌ ရပ်တည်ခဲ့သည့် ဝုဗ်အသင်းက စတာလင်ပေါင် ၁၁၇ ဒသမ ၇ သန်းရရှိခဲ့သည်။

လက်ရှိဥရောပထိပ်တန်းလိဂ်ငါးခုတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲဝင်အသင်းများက ဆုကြေးငွေအများဆုံးရရှိနေပြီး ယခုဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ဘာစီလိုနာအသင်းအနေဖြင့် စတာလင်ပေါင် သန်း ၅၀ ကျော်သာရရှိသည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အောက်ဆုံးအသင်းထက်ပင် ဆုကြေးငွေနည်းပါးနေကြောင်း သိရသည်။

*Ref;One Football*

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသားလေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦး၊ နီပေါနိုင်ငံသားတစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားလေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ပြည်ပနိုင်ငံသားလေးဦးအား ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၈၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မကွေးမြို့နယ်တွင် ငွေကျပ်သိန်း ၄၅၀၀ တန်ဖိုး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂၀၇ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများဖမ်းဆီးရမိ



တရားခံ ဟန်မင်းကို(ခ)မင်းမင်းအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



တရားခံ ညီညီဝိုင်းအား ဖမ်းဆီးရမိသည့်ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၂၆**

မကွေးမြို့နယ်တွင် ငွေကျပ်သိန်း ၄၅၀၀ တန်ဖိုး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂၀၇ သိန်းတန်ဖိုး ရှိစိတ်ကြွရူးသွပ်ဆေးပြားများနှင့်ဘိန်းစိမ်းများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မေလ ၂၄ ရက် ည ၆ နာရီခွဲတွင် မကွေးမြို့နယ်၊ ကန်ပြားကျေးရွာအနီးတွင် တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်နေ ဟန်မင်းကို(ခ)မင်းမင်း(၄၈)နှစ်မောင်းနှင်လာသော TOYOTA LANDCRUISER PRADO အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၅၀၀) ဖမ်းဆီးရမိသဖြင့် ဟန်မင်းကို(ခ)မင်းမင်းအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားသည်။

ထို့အတူ မေလ ၂၄ ရက် ည ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်ရှိ ကားဂိတ်၌ မီနီအိုးဝေဖြင့် တန်ဆာပစ္စည်းလာရောက်ထုတ်ယူသူ အောင်မြေသာစံမြို့နယ်၊ ရွှေလောင်းညွန့်ရပ်ကွက်နေ ညီညီဝိုင်း(၃၉)နှစ်အား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၃ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၉ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၇ သိန်း) ဖမ်းဆီးရမိသဖြင့် ညီညီဝိုင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြဝတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၅-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၈၅ | ၄၇၇၀ | ၄၇၁၀ | ၄၆၀၀ | ၄၇၇၀ | ၄၇၈၅ | ၄၈၃၅ | ၄၆၈၀ | ၄၈၃၅ | ၅၁၅၅ | ၄၇၀၅ | ၄၈၇၅ | ၄၈၁၀ | ၄၇၆၀ | ၄၇၆၀ | ၄၉၇၅ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၆၀ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၄၄၆၀ | ၄၆၄၀ | ၄၅၈၀ | ၄၄၇၅ | ၄၆၄၀ | ၄၆၅၀ | ၄၇၀၀ | ၄၅၅၀ | - | ၅၀၀၅ | ၄၅၇၅ | ၅၀၁၅ | ၄၆၇၅ | ၄၆၃၀ | ၄၆၃၀ | ၄၈၃၀ |
| HSD (50 ppm) | ၅၄၈၅ | ၅၆၇၀ | ၅၆၁၀ | ၅၅၀၀ | ၅၆၇၅ | ၅၆၈၅ | ၅၇၃၅ | ၅၅၈၀ | ၅၇၃၅ | ၆၀၅၅ | ၅၆၀၅ | ၅၇၆၅ | ၅၇၁၀ | ၅၆၆၀ | ၅၆၆၀ | ၅၈၇၅ |
| HSD (10 ppm) | ၅၄၈၅ | ၅၆၇၀ | ၅၆၁၀ | ၅၅၀၀ | ၅၆၇၅ | ၅၆၈၅ | ၅၇၃၅ | ၅၅၈၀ | | ၆၀၅၅ | ၅၆၀၅ | ၅၇၆၅ | ၅၇၁၀ | ၅၆၆၀ | ၅၆၆၀ | ၅၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၄၈ | ၄၄၆၈ |
| 95 Ron | ၄၄၁၃ | ၄၅၃၅ |
| HSD (500 ppm) | ၄၂၄၁ | ၄၃၅၆ |
| HSD (50 ppm) | ၅၂၁၉ | ၅၃၅၄ |
| HSD (10 ppm) | ၅၂၁၉ | ၅၃၅၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အခြေခံစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
Myanmar MOBILE MONEY


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/အလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု
မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များဖိတ်ခေါ်ခြင်း

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းအား ပြည်သူများလေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအား တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့လိုပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လိပ်မူပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည် -

(၁) ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး<br>နေပြည်တော်

(၂) ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့လွှတ်တော်ရုံး<br>နေပြည်တော်

(၃) ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး<br>နေပြည်တော်

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် ၄ ထပ် လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်နှင့်အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသော ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု

စာမျက်နှာ ၂၂ ကော်လံ ၁ ❍




## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ)တွင် တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ)တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊

စာမျက်နှာ ၂၆ ကော်လံ ၁ ▼

ဆောင်းပါး

ပြည်သူ့ဘဝလုံခြုံရေးကို အာမခံမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေသစ် စာ - ၁၂ သို့

၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက် စာ - ၆ သို့

မီးသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားချက် စာ - ၂၂ သို့

# စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား မော်တော်ယာဉ်များဖြင့် ချင်းပြည်နယ်၊ ဖလမ်းမြို့သို့ ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၂၆

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation) များကို ဆောင်ရွက်ကာ ချင်းပြည်နယ်ရှိ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံဒေသများကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ ⊃




ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများ ဖလမ်းမြို့သို့ ရောက်ရှိစဉ်။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတာ မြဝတီဘဏ် "



Card Services
▶ Individual Debit Card/ Credit Card
▶ Corporate Debit Card
▶ Automated Teller Machine Services
▶ Point of Sales Services
▶ Online Payment/ Tax Payment Via E-commerce



Phone No : (01) 2301367, 2301368, 2301452, 2301378